ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ စနေနေ့၊ (9-8-2014) (၇၉၂၇)

❖ ကမ္ဘာကြီးကို ငြိမ်းချမ်းသာယာ ဝပြောစေရန်အတွက် ဘာသာရေး၊ လူမျိုးရေးတို့တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ သဟဇာတမှုတမှု၊ သည်းခံစိတ်များမြှင့်တင်မှုတို့ကို အလေးထားဆောင်ရွက်သွားကြရမည်။

❖ အစွန်းတရားများကို ရှောင်ရှားပြီး ငြိမ်းချမ်းစွာ နေထိုင်လိုမှု၊ မေတ္တာ၊ စေတနာစိတ်ထားကို လွှမ်းမိုးစေရမည်ဖြစ်။

အာဆီယံအသိုက်အဝန်းထူထောင်မှု အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု အပြည့်အဝယုံကြည်

နေပြည်တော် ဩဂုတ် ၈

(၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲနှင့် (၄၇)ကြိမ်မြောက် အာဆီယံနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန- ၁ (MICC-I) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဇနီးများ၊ ပါပူဝါးနယူးဂီနီ၊ တီမောလက်စ်တေနှင့် မွန်ဂိုလီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ နော်ဝေနှင့် တူရကီနိုင်ငံတို့မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်ကိုယ်စားလှယ်များ၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သံစုံတီးဝိုင်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)တို့မှ ကျောင်းသား ကျောင်းသူများက အာဆီယံသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့(၄၇)ကြိမ်မြောက် အာဆီယံနေ့အခမ်းအနားနှင့် (၄၇)ကြိမ်မြောက်အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ နှစ်စဉ်အစည်းအဝေးဖွင့်ပွဲအခမ်းအနားတိုက်ဆိုင်မှုသည် အာဆီယံသမိုင်းတွင် ထူးခြားသည့် တိုက်ဆိုင်မှုတစ်ရပ်ဖြစ်ပါကြောင်း။

လွန်ခဲ့သော (၄၇)နှစ်က အာဆီယံသည် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများမှစတင်ခဲ့ပြီး ယနေ့တွင် အရှေ့တောင်အာရှဒေသတွင်ရှိသည့် နိုင်ငံ ၁၀ နိုင်ငံပါဝင်သည့် အဖွဲ့ကြီးတစ်ခုဖြစ်လာပါကြောင်း၊ ပထမဦးစွာ မိမိအနေဖြင့် မိမိတို့အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် လွတ်လပ်မျှတသည့် သမ္မတရွေးကောက်ပွဲကို **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

မိန့်ခွန်းပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲနှင့် (၄၇)ကြိမ်မြောက် အာဆီယံနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

သံလွင်၊ စစ်တောင်းနှင့် ပဲခူးမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၈

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ စင်တီမီတာ (သုည ဒသမ ၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ဩဂုတ် ၅ ရက် ညနေ ၅ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅ စင်တီမီတာ (သုည ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ဩဂုတ် ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၈ စင်တီမီတာ (သုည ဒသမ ၆ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

ကြေးမုံ စာတည်းရှုထောင့် ၉-၈-၂၀၁၄၊ စနေနေ့

ငြိမ်းချမ်းဝေစည် အာဆီယံအသိုက်အဝန်းဆီ

ပြည်သူများ၏ဘဝကို မြှင့်တင်မည့် မွန်မြတ်ပြီး တရားမျှတသည့် ရည်မှန်းချက်များဖြင့် ဂုဏ်သိက္ခာရှိသည့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံအဖွဲ့)ကို တည်ထောင်ခဲ့သည်မှာ (၄၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ၁၉၆၇ ခုနှစ် ဩဂုတ် ၈ရက်တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့က ထိုင်းနိုင်ငံ ဗန်ကောက်၌ အာဆီယံကြေညာချက်ကို လက်မှတ်ရေးထိုးကာ စတင်ဖွဲ့စည်းခဲ့သည်။

အရှေ့တောင်အာရှဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးကို ဆောင်ကြဉ်းပေးသော အာဆီယံသည် ၂၀၁၅ ခုနှစ် နှစ်ကုန်တွင် အာဆီယံအသိုက်အဝန်းတည်ထောင်ရန်အတွက် ဦးတည်ကြိုးပမ်းလျက်ရှိသည်။ အာဆီယံသည် ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ဖြင့် စုပေါင်းတည်ဆောက်ကာ ဒေသတွင်းပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုဖော်ဆောင်ပေးသည့်အဖွဲ့ပင် ဖြစ်သည်။

အာဆီယံအဖွဲ့သည် ၁၉၉၇ ခုနှစ်မှစတင်ကာ အာဆီယံအသိုက်အဝန်း (၃)ရပ် တည်ထောင်ကာ ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ အာဆီယံအသိုက်အဝန်းတည်ထောင်ခြင်း၏ ရည်မှန်းချက်ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းစေရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို အရေးကြီးသည့် လုပ်ငန်းစဉ်များအဖြစ်သတ်မှတ်ကာ ဒေသတွင်း ပေါင်းစည်းမှုလိုအပ်ချက်များ ပြည့်မီရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အာဆီယံအဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံများ၏ ကွဲပြားခြားနားမှုများကို လျှော့ချကာ လူသားဆိုင်ရာ ဖွံ့ဖြိုးစေရေး၊ လူမှုဘဝဖူလုံရေးနှင့်ကာကွယ်ရေး၊ တရားမျှတမှုရှိရေး၊ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အရှေ့တောင်အာရှဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများကို အဘက်ဘက်မှ ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ နှစ်စပိုင်းမှစတင်ကာ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလနှင့် မေလတို့တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဆက်စပ်အစည်းအဝေးများကိုလည်း ကျင်းပဆဲဖြစ်သည်။ မိမိတို့နိုင်ငံတွင် ကျရောက်သည့် အာဆီယံဥက္ကဋ္ဌတာဝန်ကို ဦးလည်မသုန် ထမ်းဆောင်ခြင်းဖြင့် အာဆီယံအဖွဲ့ကြီး၏ ရည်မှန်းချက်ဖြစ်သည့် ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေချိန်တွင် တစ်ဖက်ကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အဖြစ် ပြုပြင် ပြောင်းလဲရေးလုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ ပြည်သူများကလည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွင်း လိုက်လျောညီထွေစွာ လိုက်ပါလုပ်ဆောင်ခြင်းဖြင့် ပြုပြင်ပြောင်းလဲမှု၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိကာ ဖွံ့ဖြိုးတိုးတက်မှု၏အသီးအပွင့်များကို ရရှိခံစားကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး ယနေ့အချိန်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေချိန်ဖြစ်ရာ ငြိမ်းချမ်း၍ သာယာဝပြောသည့် အာဆီယံအသိုက်အဝန်း တည်ထောင်ရေးလုပ်ငန်းစဉ်များကို ထမ်းဆောင်ရာတွင် စွမ်းရည်ပြည့်ဝပြီး တာဝန်ကျေပွန်သည့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ရေး ကြိုးပမ်းထမ်းဆောင်နေသကဲ့သို့ ပြည်သူများကလည်း မိမိတို့တတ်စွမ်းသမျှ ပါဝင်ကူညီသွားကြရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ခြင်းဖြင့် အမျိုးသားရေးဂုဏ်သိက္ခာကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ။

၂၀၂၀ ခုနှစ်တွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုသည် လူအများဆုံးသေဆုံးရခြင်း၊ ရောဂါဖြစ်ပွားရခြင်းတို့၏ အဓိကအကြောင်းတရားဖြစ်လာနိုင်

နေပြည်တော် ဩဂုတ် ၈

ယခုအခါ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်လာနိုင်သော်လည်း ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုနှင့် နှီးနွှယ်သော ကူးစက်ခြင်းကြောင့်မဟုတ်သည့် နာတာရှည်ရောဂါများဖြစ်ပွားမှု၊ သေဆုံးမှုပိုမိုများပြားလာသည်ကို တွေ့ရကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သူ သန်းတစ်ထောင်ကျော်ရှိသည့်အနက် အများစုသည် အာရှတိုက်မှဖြစ်ကြကြောင်း၊ ဖွံ့ဖြိုးပြီးတိုင်းပြည်များ၌ ဆေးလိပ်၊ ဆေးရွက်ကြီး၏အန္တရာယ်ကိုသိမြင်လာသည့်အလျောက် ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုနှုန်းကျဆင်းလာသော်လည်း ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် ပိုမိုများပြားလာနေကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဩဂုတ် ၅ ရက် နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီအစည်းအဝေးခန်းမ၌ကျင်းပသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေးတွင် ပြောကြားသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးသည် ကျန်းမာရေးကိုသာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးတို့ကိုပါ ထိခိုက်ပျက်စီးစေကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေ ငါးသန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုနှင့်နှီးနွှယ်သည့် ရောဂါများကြောင့် သေဆုံးလျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုသည် လူအများသေဆုံးရခြင်း၊ ရောဂါဖြစ်ပွားရခြင်းတို့၏ အဓိကအကြောင်းတရားဖြစ်လာနိုင်ကြောင်း။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများ ညှိနှိုင်းရေးဆွဲပြီး ၂၀၀၃ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် (၅၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် အတည်ပြုခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၀၄ ခုနှစ်တွင် ကွန်ဗင်းရှင်း၏ ၁၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပါကြောင်း။

ကွန်ဗင်းရှင်း၏အဖွဲ့ဝင်နိုင်ငံဖြစ်လာသည့်အလျောက် ကွန်ဗင်းရှင်းပါ အချက်များကို အခြေခံသည့် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်နှင့်အညီ ၂၀၀၆ ခုနှစ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါဥပဒေသည် ၂၀၀၇ ခုနှစ် မေ ၄ ရက်မှ စတင်ကာ အာဏာသက်ဝင်ခဲ့ပါကြောင်း။

ဆေးလိပ်သောက်ခွင့်ရှိသည့်နေရာနှင့် ဆေးလိပ်သောက်ခွင့်မရှိသည့်နေရာများတွင် ထားရှိရမည့် အမှတ်အသားနှင့်သတိပေးချက်များကိုလည်း ယခုနှစ် မတ်လအတွင်းက အမိန့်ကြော်ငြာစာများထုတ်ပြန်ကာ ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ ကျန်းမာရေးသတိပေးချက် ရုပ်ပုံနှင့်စာသားဖော်ပြမှုကို အခြားအာဆီယံနိုင်ငံများအားလုံးတွင် အကောင်အထည်ဖော်နေပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင်လည်း ယခုနှစ်အတွင်း အကောင်အထည်ဖော်နိုင်ရန်နှင့်ပြဋ္ဌာန်းထားသည့် ဥပဒေကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်သင့်သည့်နည်းလမ်းများ၊ လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးကြရန်လည်း ပြောကြားသည်။

ထို့နောက် နှီးနွှယ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများက ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး၊ ပြည်သူများသို့ ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရေးနှင့် ကျန်းမာရေးအန္တရာယ်သတိပေးစာသားနှင့် ရုပ်ပုံဖော်ပြမှုများနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်	ရွှေဈေး	၆၇၅၅၀၀	-	၆၇၆၃၀၀
မန္တလေး	ရွှေဈေး	၆၇၅၅၀၀	-	၆၇၆၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၈၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၁. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၂၉၆. ၆
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၇. ၅၈
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၀၅၇
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၁. ၉၃
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၅၄
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၀. ၉၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၆၂၇
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၉. ၇၈
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၄. ၆၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

မူးယစ်အန္တရာယ် တို့ဝိုင်းဝန်းကာကွယ်

ပြည်တွင်းရေးရာ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများ၊ လူမှုအဖွဲ့အစည်းများနှင့် ဆက်ဆံရေးဆိုင်ရာ စည်းဝေး

နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ကဏ္ဍစုံမှ သက်ဆိုင် ပတ်သက်သူများ၊ လူမှုအဖွဲ့အစည်းများနှင့် ဆက်ဆံရေးဆိုင်ရာ အစည်းအဝေးကိုယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပရာ **(ယာပုံ)**ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က မဲစာရင်းပြုစုခြင်းရွေ့ပြေးစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး IFES မှ Mr.Paul Guerin က အစည်းအဝေး ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မဲစာရင်းပြုစုခြင်းနှင့် ပတ်သက်၍ မဲစာရင်းပြုစုခြင်း ရွေ့ပြေးစီမံချက် ဆောင်ရွက်နေသော ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှ ဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲတာဝန်ခံများက လုပ်ငန်းအတွေ့အကြုံများနှင့်ပတ်သက်၍ စကားဝိုင်းဆွေးနွေးပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက သိရှိလိုသည်များ မေးမြန်းကြသည်။

ယင်းနောက် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မဲစာရင်းပြုစုခြင်း ရွေ့ပြေးစီမံချက် ဆောင်ရွက်ရာ၌ တွေ့ရှိရသည့် အတွေ့အကြုံများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်ပြီး အကြံပြုချက်များ တင်ပြကြသည်။

ထို့နောက် မဲစာရင်းပြုစုခြင်းနှင့် ပတ်သက်ပြီး ကော်မရှင်အဖွဲ့ခွဲနှင့် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက အဖွဲ့များခွဲ၍ ဆောင်ရွက်သင့်သည့်အချက်များအား ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲအတွက် အရေးအကြီးဆုံးသည် မဲစာရင်းဖြစ်ကြောင်း၊ မဲစာရင်းတွင်ပါရှိမှ မဲပေးနိုင်မည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များအား မဲစာရင်းတွင် ပါဝင်ရေးဆောင်ရွက်ရန် ပညာပေးရန်လိုကြောင်း၊ မဲစာရင်းပြုစုရာ၌ မြို့နယ်ပြင်ပရောက် မဲဆန္ဒရှင်များ၏ အမည်စာရင်းကိုလည်း သက်ဆိုင်ရာ မဲဆန္ဒနယ် မဲစာရင်းတွင် ထည့်သွင်းပြုစုရမည်ဖြစ်ကြောင်း၊ Floating မဲဆန္ဒရှင်များအနေဖြင့် မူလနေထိုင်ရာအရပ် မဲစာရင်းတွင် ပါဝင်ပြီး ရောက်ရှိနေရာ၌ မဲစာရင်းတွင် မပါဝင်ခြင်းနှင့် ပတ်သက်၍လည်း အသိပညာပေးရန်လိုကြောင်း၊ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအနေဖြင့်လည်း လွတ်လပ်မျှတသော ရွေးကောက်ပွဲများ အောင်မြင်စေရန်အတွက် ပူးပေါင်းဆောင်ရွက်ဖို့လိုကြောင်း၊ မဲစာရင်းပြုစုခြင်းနှင့်ပတ်သက်၍ လူမှုအဖွဲ့အစည်းများအနေဖြင့် ပညာပေးဆောင်ရွက်ရာ၌ မဲဆန္ဒရှင်များ မဲစာရင်းတွင် မိမိအမည် ပါ၊ မပါ ကြည့်ရှုရန်နှင့် ပါဝင်အောင် ဆောင်ရွက်ရမည့်နည်းလမ်းများကို ပညာပေးရမှာဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရပ်ကွက်၊ ကျေးရွာအတွင်းမဲဆွယ်စည်းရုံးရာ၌ မိမိ၏ မဲဆန္ဒရှင်များ မဲစာရင်းတွင် ပါဝင်ခြင်းရှိ၊ မရှိ ကြည့်ရှုပြီး ပါဝင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မဲစာရင်းကပ်ရာတွင် ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲရုံးတွင် တစ်စုံတည်းမကပ်ဘဲ မဲဆန္ဒရှင်များ လွယ်ကူစွာ ကြည့်ရှုနိုင်ရန်နှင့် ဝေးလံသောနေရာများပါ ကြည့်ရှုနိုင်အောင် မိတ္တူများပွားပြီး ဆောင်ရွက်ပေးဖို့လိုကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဝန်ထမ်းများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများသည် ဥပဒေ၊ နည်းဥပဒေများနှင့်လုပ်ငန်းလမ်းညွှန်များကို မဖြစ်မနေသိရှိနားလည်အောင် လေ့လာဖတ်ရှုရန်လိုကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာသုံးသပ်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ပြင်ဆင်မှု ပြည့်စုံကောင်းမွန်မှသာ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ပြဿနာနည်းမှာ ဖြစ်ကြောင်း၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲတာဝန်ခံများ၊ IFES နှင့် မဲစာရင်းပြုစုခြင်း ရွေ့ပြေးစီမံချက်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော လူမှုအဖွဲ့အစည်း (၁၀)ဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ဒါနဉ္စ ဧတံမင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းသည်

မြတ်သောမင်္ဂလာမည်၏။

မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံး ရန်ကုန်မြို့တွင် ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၈

မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံးဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Centre Point Tower (၉)ထပ်တွင် ယနေ့ ညနေပိုင်းက ကျင်းပရာ ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. John Baird၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးလှမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီး Mr.Mark McDowell နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံရုံးကို မြန်မာနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်ခြင်းသည် ကနေဒါနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ရေရှည်ဆက်ဆံရေးအတွက် ရည်မှန်းထားမှုကို ပြသရာရောက်ကြောင်း၊ ကနေဒါနိုင်ငံအနေဖြင့် အာဆီယံမိတ်ဖက်နိုင်ငံများအပေါ် လေးနက်သောရည်ရွယ်ချက်ကိုလည်း ဖော်ပြပေးရာရောက်ကြောင်း၊ ကနေဒါနှင့်မြန်မာနိုင်ငံပူးပေါင်းဆောင်ရွက်မှုမြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာမှုရှိသော စနစ်တကျဖြစ်သော ဒီမိုကရေစီမူဝါဒများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်မှုအပေါ် အလေးထားခြင်းဖြစ်ပါကြောင်း၊ ကနေဒါနှင့် မြန်မာနိုင်ငံနှစ်နိုင်ငံဆက်ဆံရေး၏ သမိုင်းမှတ်ကျောက်တစ်ခုဖြစ်ပြီး ကနေဒါနိုင်ငံသည် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များတွင် ပါဝင်ကူညီရန် အဆင်သင့်ဖြစ်ပါကြောင်း။

ထို့ပြင် ကနေဒါနိုင်ငံ၏ နိုင်ငံတကာတိုးတက်မှုဆိုင်ရာဝန်ကြီးဌာနမှ မြန်မာနိုင်ငံအား နိုင်ငံတကာထောက်ပံ့မှုအစီအစဉ်၏ အဓိကနိုင်ငံတစ်နိုင်ငံအဖြစ် ရွေးချယ်ထားကြောင်း၊ နည်းပညာနှင့် စွမ်းဆောင်ရည်များတာဝန်သိပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးလုပ်ငန်းများတွင် ကနေဒါနိုင်ငံအနေဖြင့် ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ ကနေဒါနိုင်ငံသည် မြန်မာနိုင်ငံအစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အဆင်သင့်ဖြစ်ကြောင်း၊ ကနေဒါနှင့်မြန်မာနိုင်ငံသည် ဆယ်စုနှစ်နှစ်ခုကြား သံတမန်ဆက်ဆံမှုမရှိခဲ့သော်လည်း နှစ်နိုင်ငံကြားရင်းနှီးခဲ့သော သမိုင်းကြောင်းရှိပါကြောင်း၊ ရန်ကုန်မြို့ရှိ ကလေးဆေးရုံကြီးအား ၁၉၇၀ ခုနှစ်များအတွင်း ကနေဒါနိုင်ငံမှဆောက်လုပ်ပေးခဲ့ပြီး သာကေတတံတားကိုလည်း တည်ဆောက်ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် အရင်းအမြစ်ကဏ္ဍများတွင် ကူညီမှုများရှိခဲ့ပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံးဖွင့်လှစ်ပြီးနောက် ပူးပေါင်းဆောင်ရွက်မှုများကို ယခင်ကထက် ပိုမိုတိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က ကနေဒါနိုင်ငံသံရုံးကို မြန်မာနိုင်ငံတွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက် ဝမ်းမြောက်ကြိုဆိုကြောင်း ပြောကြားသည်။

ထို့နောက် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.John Baird၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး Mr.Mark McDowell တို့က သံရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) ၌ ဆောင်ရွက်မည့် လုပ်ငန်းများ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ POSCO Steel Co.,Ltd. မှ Managing Director Mr.C.K.Kim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၈ ရက် နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး အမှတ် (၁) သံမဏိစက်ရုံ(မြင်းခြံ)၌ လေ့လာတွေ့ရှိချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စက်ရုံအတွက် လျှပ်စစ်ဓာတ်အား အလုံအလောက်ရရှိရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

NEW MOTION Travels & Tours Co.,Ltd.

Permanent Overseas Tour Leader M/F (10) Posts

New Motion Travels & Tours
No. 19, Kyun Taw Rd, San Chaung Tsp, Yangon

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့ ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးကော်မတီများမှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွက် မြို့ပြလမ်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ကတ္တရာ(၁၃၁၇. ၇၅)တန်ကို ဝယ်ယူလိုပါသဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က)	တင်ဒါလျှောက်လွှာရယူနိုင်မည့် နေ့ရက်	-	၁၈-၈-၂၀၁၄ ရက်(တနင်္လာနေ့)
	အချိန်နာရီ	-	နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ
	နေရာ	-	ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့
(ခ)	တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေ့ရက်	-	၂၆-၈-၂၀၁၄ ရက်(အင်္ဂါနေ့)
	အချိန်၊ နာရီ	-	နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ
	နေရာ	-	ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့် ကတ္တရာအား ထုတ်လုပ်သည့် နိုင်ငံအမည်၊ ကတ္တရာ(၁)တန်ဈေးနှုန်း၊ ကတ္တရာ(၁)တန်တွင်ပါဝင်သည့် ကတ္တရာပီပါအရေအတွက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင် တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန် (Custom Duty)ပေးဆောင်ပြီးကြောင်း ထောက်ခံချက်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ကတ္တရာ အရည်အသွေး ထောက်ခံချက်တို့နှင့်အတူ အောက်ပါကတ္တရာအရည်အသွေးနှင့်အညီ လျှောက်ထားရပါမည်-

Specific Gravity @ 25/25 deg C	**1.01-1.04**	**D-20**	
Penetration @ 25 deg C	**80-100**	**D-5**	
Softening Point deg C	**43-48**	**D-36**	
Ductility at 25 deg C (cm)		**100 Min;**	**D-113**
Loss on Heating (%)	**0.5 Max;**	**D-6**	
Droap in Penetration after Heating Point	**20 Max;**	**D-5**	
Flash Point deg C	**220 Min;**	**D-92**	
Solubility in Trichloroethane % wt	**99.5 Min;**	**D-2042**	
Organic Matter in Soluble in Trich wt		**0.2 Max;**	**D-2042**
Wax Content PCT	**2.0 Max;**	**DIN-52015**	

၃။ တင်သွင်းမည့် ကတ္တရာဈေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ကတ္တရာ(၁)တန်၏ ပင်မတန်ဖိုး(အထိုင်ဈေးပေါ်တွင်) ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးချေရမည့် (With Holding Tax)ကိုခုနှိမ်ပြီး ကျန်ငွေအားအရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အိတ်ဖွင့်တင်ဒါတင်သွင်းသူကိုယ်တိုင် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ

အရှေ့တောင်အာရှဒေသ နျူကလီးယားလက်နက် ကင်းမဲ့ရေးဆိုင်ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအဆင့် ကော်မရှင်အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၈

အရှေ့တောင်အာရှဒေသ နျူကလီးယားလက်နက်ကင်းမဲ့ရေးဆိုင်ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအဆင့် ကော်မရှင်အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-1)၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စာလီယောင်မင်တို့ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

အစည်းအဝေးတွင် သဘာပတိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အမှာစကားပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက် အရေးပါသည့် စာချုပ်တစ်ခုဖြစ်သည့် နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန် သဘောတူစာချုပ်အကောင်အထည်ဖော်ခြင်း တိုးတက်မှုအခြေအနေကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

ထို့ပြင် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံကြီးငါးနိုင်ငံမှ အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို ချွင်းချက်မရှိ ဆောလျင်စွာလက်မှတ်ရေးထိုးနိုင်ရန် အဆိုပါနိုင်ငံများနှင့် ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

8th ASEAN-China လူမှုဘဝဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ် ဒုတိယနေ့ ဆွေးနွေးပွဲပြီးစီး

နေပြည်တော် ဩဂုတ် ၈

8th ASEAN-China လူမှုဘဝဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ်ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် သင်္ဂဟဟိုတယ်၌ ဆက်လက်ကျင်းပရာ Mr.Armin Bauer Principal Economist, Asian Development Bank က ဦးဆောင်၍ အင်ဒိုနီးရှားနိုင်ငံ၌ Corporate Social Responsibility (CSR) နှင့် ပတ်သက်၍ နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်မှု အခြေအနေများနှင့် UNDP ကိုယ်စားလှယ်က မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်တို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ Prof. Yao Shunli, University of International Business and Economics China က ဦးဆောင်၍ မြန်မာနိုင်ငံ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသစ်များ၊ တရုတ်နိုင်ငံ၌ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေသည့် Program များနှင့် ဖိလစ်ပိုင်နိုင်ငံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အမျိုးသားရေးလှုပ်ရှားနေမှုများကို ဆွေးနွေးကြသည်။

ထို့နောက် Mr. Scott Standley, Policy Specialist,UNDP Asia-Pacific Regional Centre က ဦးဆောင်၍ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက အာဆီယံဒေသအတွင်း ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆွေးနွေးကြသည်။

ယင်းနောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က အာဆီယံဒေသအတွင်းမှ ကိုယ်စားလှယ်များအနေဖြင့် လူမှုဘဝဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုချိန်မျှခြင်း၊ အရင်းအမြစ်များ ဘက်စုံစီမံခန့်ခွဲခြင်း၊ လူမှုကာကွယ်ရေးစိန်ခေါ်မှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခန်းကဏ္ဍအသစ်များ၊ စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများ၊ ပုဂ္ဂလိကနှင့် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများကို ထဲထဲဝင်ဝင်ဆွေးနွေးတိုင်ပင်ညှိနှိုင်းအဖြေရှာခဲ့ကြပြီး ဖြစ်ပါကြောင်း။

ဆွေးနွေးဖော်ထုတ်ချက်များသည် အပြုသဘောဆောင်ပြီး ပြည်သူများအတွက် သိသာမြင်သာရှိသော အကျိုးရလဒ်ကောင်းများကို ဆောင်ကြဉ်းပေးပြီးဖြစ်ကြောင်း၊ အာဆီယံနှင့် တရုတ်နိုင်ငံတို့မှ လက်ရှိဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအပေါ် များစွာအကျိုးသက်ရောက်အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ (၉) ကြိမ်မြောက် အာဆီယံ-တရုတ်ဖိုရမ်အား လာအိုနိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ (၈)ကြိမ်မြောက်ဖိုရမ်မှ ဆွေးနွေးချက်များနှင့်အညီ မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်းများ၊ အစီအစဉ်များ၏ တိုးတက်မှုများ၊ အတွေ့အကြုံများ၊ သင်ခန်းစာ ဖော်ထုတ်ချက်များကို ဆွေးနွေးတင်ပြနိုင်လိမ့်မည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့်ပတ်သက်၍ အမေရိကန်၏ စိုးရိမ်ပူပန်မှုများအပေါ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် ရှင်းလင်းသွားမည်

ရန်ကုန် ဩဂုတ် ၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဩဂုတ် ၈ ရက်မှစတင်၍ နေပြည်တော်တွင် လက်ခံကျင်းပလျက်ရှိသည့် (၄၇) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ တက်ရောက်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်။

မြန်မာနိုင်ငံသို့ လာရောက်မည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ခရီးစဉ်အတွက် ဇူလိုင် ၃၀ ရက်က အမေရိကန် ကွန်ဂရက်လွှတ်တော် အမတ် ၇၀ က မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများသည် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေနိုင်သောကြောင့် မြန်မာနိုင်ငံအား ဖိအားပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီအား တိုက်တွန်းတောင်းဆိုခဲ့ကြသည်။

အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားသည့် နိုင်ငံခြားရေးမူဝါဒနှင့် အမေရိကန် ကွန်ဂရက်လွှတ်တော်အမတ် ၇၀ ကျော်က တောင်းဆိုထားသည့် မြန်မာနိုင်ငံအပေါ် သဘောထားများနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်အား ယနေ့မွန်းလွဲပိုင်းက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ(ပထမနေ့) အစည်းအဝေးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်း ပြည်ပ သတင်းမီဒီယာသမားများက မေးခွန်းထုတ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ်ထားရှိသည့် နိုင်ငံခြားရေးမူဝါဒသည် မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးမူဝါဒကို အသိအမှတ်ပြုလက်ခံပြီး အကူအညီပေးနေခြင်းအတွက် ကျေနပ်အားရမှုရှိကြောင်း၊ အမေရိကန်ကွန်ဂရက်အတွင်းတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများရှိနေသည်ဟု သိရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ဘက်မှ ဖြစ်ပေါ်နေသော စိုးရိမ်ပူပန်မှုများ ပြေပျောက်ရန်အတွက် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော အမေရိကန် နိုင်ငံခြားရေးဝန်ကြီးအား ပကတိအခြေအနေမှန်များကို ရှင်းပြသွားမည်ဖြစ်ပြီး အမေရိကန်လွှတ်တော်အမတ်များထံမှ သိရှိလိုသည်များကိုလည်း မြန်မာနိုင်ငံအနေဖြင့် ရှင်းပြသွားရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့အစိုးရ တာဝန်ယူခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေမှာ အောင်မြင်မှုအများအပြား ရရှိခဲ့ပါတယ်။ မြန်မာအစိုးရအနေနဲ့ကလည်း ကြုံတွေ့နေရတဲ့ ပြဿနာအားလုံးကို သုံးနှစ်တာအချိန်ကာလလေးနဲ့ အားလုံးကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူးဆိုတာကို တစ်ဖက်ကလည်း နားလည်ဖို့လိုပါတယ်။ အမေရိကန်လို နိုင်ငံမျိုးမှာလည်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြဿနာတွေ၊ အမေရိကန်တောင်ပိုင်းပြည်နယ်တွေမှာဆိုရင် ကလေးလုပ်သား ပြဿနာတွေနဲ့ ပတ်သက်ပြီး လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသူတွေရဲ့ ဝေဖန်မှုတွေကို ခံနေရဆဲပါ။ ဒါကြောင့် မြန်မာအပေါ်မှာ ၁၉၄၈ မတိုင်ခင်ကတည်းက ရှိနေတဲ့ ပြဿနာအားလုံးကို သုံးနှစ်တာအတောအတွင်းမှာ တစ်ချိန်တည်းမှာ ဖြေရှင်းဖို့ တောင်းဆိုတာဟာ မျှတပါရဲ့လား။ ကွန်ဂရက်ကလွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့လည်း မြန်မာနိုင်ငံရဲ့ အခြေ အနေမှန်ကို ပိုမိုနားလည်သင့်ပါတယ်။ ကျွန်တော်တို့အပေါ်ကို အပြစ်တင်မှုတွေ ပြုလုပ်နေမယ့်အစား ပြဿနာတွေကို ဘယ်လိုဖြေရှင်းသင့်တယ်ဆိုတဲ့ အဖြေကို ပြည်သူတွေအတွက် ကူညီရှာဖွေပေးသင့်ပါတယ်"ဟု အမေရိကန်နိုင်ငံ၏ စိုးရိမ်နေမှုအပေါ် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ဩဂုတ် ၈ ရက် နံနက်ပိုင်းက နေပြည်တော်သို့ ရောက်ရှိလာပြီး အာဆီယံအမေရိကန်ဝန်ကြီးအဆင့် အစည်းအဝေး၊ (၇)ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်း အစီအမံဝန်ကြီးအဆင့် အစည်းအဝေး၊ မဲခေါင်မြစ်အောက်ပိုင်း အစီအမံ၏ မိတ်ဆွေများဝန်ကြီးအဆင့်အစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာ ဖိုရမ်၊ (၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။

(ရဲမြတ်နန္ဒာ)

၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသောဘဏ္ဍာငွေများ သုံးစွဲရေးအတွက်ခွဲဝေမှုစာရင်း

ကျပ်(သန်းပေါင်း)

စဉ်	ဌာန	သာမန် အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်				သာမန်+ ငွေလုံးငွေရင်း အသုံးစရိတ်
			ဆောက်လုပ်ရေး	စက်ပစ္စည်း	အခြား	စုစုပေါင်း	
၁။	ဝန်ကြီးရုံး	၅၁၀. ၇၅၇	၁၀၁. ၅၀၀	၅၀. ၀၀၀	၅. ၈၄၂	၁၅၇. ၃၄၂	၆၆၈. ၀၉၉
၂။	ကျန်းမာရေးဦးစီးဌာန	၃၅၉၄၇၅. ၇၄၄	၁၀၃၃၄၁. ၇၃၄	၁၀၆၉၈၀. ၀၉၈	၁၀၀. ၀၀၀	၂၁၀၄၂၁. ၈၃၂	၅၆၉၈၉၇. ၅၇၆
၃။	ဆေးသိပ္ပံပညာဦးစီးဌာန	၁၄၀၉၁. ၃၄၈	၃၂၀၇၇. ၇၂၇	၃၄၆၅. ၄၉၂	၁၁၄. ၈၃၀	၃၅၆၅၈. ၀၄၉	၄၉၇၄၉. ၃၉၇
၄။	တိုင်းရင်းဆေးပညာဦးစီးဌာန	၃၇၅၉. ၂၇၈	၁၇၆၄၁. ၂၄၀	၉၉၉. ၈၆၀	-	၁၈၆၄၁. ၁၀၀	၂၂၄၀၀. ၃၇၈
၅။	ကျန်းမာရေးစီမံကိန်းဦးစီးဌာန	၁၃၆၈. ၄၈၁	-	၄၂၅. ၉၃၀	-	၄၂၅. ၉၃၀	၁၇၉၄. ၄၁၁
၆။	ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)	၁၆၇၈. ၈၃၀	၁၉၀. ၀၀၀	၁၀၈၃. ၉၄၈	၄၂၂. ၂၅၉	၁၆၉၆. ၂၀၇	၃၃၇၅. ၀၃၇
၇။	ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)	၆၅၁. ၂၂၈	၁၄၉. ၅၈၅	၃၆၀. ၃၂၅	၅. ၀၀၀	၅၁၄. ၉၁၀	၁၁၆၆. ၁၃၈
၈။	အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန	၇၄၁. ၉၉၃	၁၂၀၀. ၀၀၀	၁၇၀၁. ၅၆၀	၅၀. ၀၀၀	၂၉၅၁. ၅၆၀	၃၆၉၃. ၅၅၃
	စုစုပေါင်း	၃၈၂၂၇၇. ၆၅၉	၁၅၄၇၀၀. ၇၈၆	၁၁၅၀၆၇. ၂၁၃	၆၉၇. ၉၃၁	၂၇၀၄၆၆. ၉၃၀	၆၅၂၇၄၄. ၅၈၉

ဝင်ငွေအလယ်အလတ်ရှိသူတွေနဲ့ ဝင်ငွေနည်းပြည်သူတွေအတွက် တန်ဖိုးနည်းနဲ့ တန်ဖိုးမျှတအိမ်ရာစီမံကိန်းတွေ ဖော်ဆောင်နေ

နေပြည်တော် ဩဂုတ် ၈

မြို့ပြနှင့်အိမ်ရာစီမံကိန်းဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြခြင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးကျော်လွင်၊ ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးစိုးတင့်က မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အိမ်ရာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ခေတ်အဆက်ဆက်အိမ်ရာဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှုများ၊ မြို့သစ်များဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ရရှိရေးဆောင်ရွက်နေမှုများ၊ ဖော်ထုတ်ပြီးစက်မှုဇုန်များ၏ အခြေအနေများ၊ မြို့ပြဖွံ့ဖြိုးရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ ရပ်ကွက်များ အဆင့်မြှင့်တင်ခြင်း၊ လူနေရပ်ကွက်သစ်များ စနစ်တကျဖော်ထုတ်နေရာချထားခြင်း၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ တည်ဆောက်ခြင်း၊ တဲပေါ်မှ တိုက်ပေါ်တင်ပေးသည့် အိမ်ရာစီမံကိန်းများ၊ မြို့သစ်များ၊ ဆင်ခြေဖုံးရပ်ကွက်များတွင် Social Infrastructures များတည်ဆောက်မှုများ၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရန် စက်မှုဇုန်၊ စက်မှုမြို့တည်ဆောက်ခြင်းများ၊ Commercial Area ပါဝင်သည့် မြို့ပြအိမ်ရာစီမံကိန်းဆောင်ရွက်ခြင်းများ၊ လုံးချင်းအိမ်ရာနှင့် အဆင့်မြင့်အိမ်ရာများ ပါဝင်သည့် အိမ်ရာစီမံကိန်းဆောင်ရွက်ခြင်းများ၊ ရေရရှိရေးစီမံကိန်းများနှင့် လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်မှုများ၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန လှည့်ပတ်ရန်ပုံငွေမှ နိုင်ငံတော်ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းခဲ့မှုများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်ပြီးတန်ဖိုးနည်း/တန်ဖိုးလတ်အိမ်ရာ စီမံကိန်းဆိုင်ရာ အချက်အလက်များအပေါ် အခြေခံ၍ မြေဧရိယာအလိုက်ထွက်ရှိနိုင်မည့် အခန်းအရေအတွက်နှင့်ဆောက်လုပ်မှုကုန်ကျစရိတ်ခန့်မှန်းခြင်းများ၊ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အိမ်ရာစီမံကိန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က အကျိုးတူအိမ်ရာစီမံကိန်းများ ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးသည့်ဒေသများတွင် မြို့ပြဒေသစီမံကိန်းရေးဆွဲခြင်းများ၊ မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်နှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ဖြည့်စွက်ရှင်းလင်းသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံ၏တိုးတက်လာမည့် လူဦးရေအချိုးတွင် နေထိုင်မှုနှင့် အလုပ်အကိုင်ရရှိရေးတို့အတွက် မြို့ပြအိမ်ရာစီမံကိန်းများကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ဤအိမ်ရာစခန်း တည်ဆောက်ရေးစီမံကိန်းများသည် နိုင်ငံဖွံ့ဖြိုးရေးအတွက်ဖြစ်ပြီး ပြည်သူများဆက်သွယ်သွားလာမှုလွယ်ကူရေး၊ အလုပ်အကိုင်ရရှိရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မှုများနှင့်အတူ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများကိုပါ အထူးအလေးထားထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများနှင့်ပတ်သက်၍ ပြည်သူလူထုပွင့်လင်းမြင်သာစေရန် ရှင်းလင်းပြောကြားရမည်ဖြစ်ကြောင်းနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အိမ်ရာများတွင် ကွပ်ကဲရေးစနစ်ခိုင်မာစွာ တည်ဆောက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မြို့ပြအိမ်ရာစီမံကိန်းများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ကြသော်လည်း နောင်တွင်ရေရှည်စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပြီး အိမ်ရာများတွင် ရှိသင့်ရှိရမည့်အဆောက်အအုံများနှင့်သတ်မှတ်နေရာများကို ထည့်သွင်းစဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများတာဝန်ထမ်းဆောင်ဆဲကာလနှင့် အနားယူသွားမည့်ကာလများတွင် နေထိုင်ရေးအဆင်သင့်ဖြစ်စေရန် စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ပြီး ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများ၌သာမက သက်ကြီးရွယ်အို စောင့်ရှောက်ထောက်ပံ့မှုများကိုလည်း လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်းပြောကြားပြီး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် မြို့ပြနှင့်အိမ်ရာစီမံကိန်းဆိုင်ရာများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဒေါ်မီမီတင်
ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့်ရေသန့်ဌာန

ကျွန်မတို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနဟာ ပြည်သူတွေရဲ့ အိမ်ရာ လိုအပ်ချက်တွေ အထူးသဖြင့် ဝင်ငွေ အလယ်အလတ်ရှိသူတွေနဲ့ ဝင်ငွေနည်းပြည်သူတွေရဲ့ အိမ်ရာလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် တန်ဖိုးနည်းအိမ်ရာတွေနဲ့ တန်ဖိုးမျှတ အိမ်ရာစီမံကိန်းတွေကို အကောင်အထည်ဖော်ဖို့ အရှိန်အဟုန်နဲ့ ကြိုးစားဆောင်ရွက်နေတဲ့ဌာနဖြစ်ပါတယ်။ ပုံမှန်ဝင်ငွေရှိတဲ့ ဝန်ထမ်းတွေ၊ ပြည်သူတွေဟာ အိမ်ရာဝယ်ယူရာမှာ ကနဦး ပေးသွင်းရမယ့်ငွေနဲ့ အရစ်ကျ ပြန်လည်ပေးသွင်းရမယ့်ငွေတွေကို အထောက်အပံ့ ဖြစ်စေနိုင်တဲ့ တစ်ဦးချင်းငွေစုဆောင်းတတ်တဲ့ အလေ့အထကို သိရှိနားလည်ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။

ဝင်ငွေနည်းသူတွေအနေနဲ့ ပုံမှန်စုဆောင်းခြင်းမျိုးမဟုတ်ဘဲ စုဆောင်းရန် အခွင့်သင့်တဲ့အခါတိုင်း စုဆောင်းထားခြင်းဖြင့် တစ်စိတ်တစ်ဒေသ အထောက်အကူရနိုင်မှာဖြစ်ပါတယ်။ ပုံမှန်ဝင်ငွေရှိသူတွေ၊ ဝင်ငွေနည်းမိသားစုတွေနဲ့ ဝန်ထမ်းရဲ့ စုဆောင်းငွေတွေအပေါ် အလုပ်ရှင်ဘက်က အခြားနိုင်ငံတွေနည်းတူ သင့်လျော်တဲ့ ငွေကြေးကို ထောက်ပံ့ပေးခြင်းအားဖြင့်လည်း တစ်ကြိမ်တည်း ငွေလုံးငွေရင်း သုံးစွဲရတဲ့ အခက်အခဲအစားပိုင်းခြား ထည့်ဝင်သုံးစွဲ ထောက်ပံ့ပေးတဲ့ စနစ်ဟာလည်း အိမ်ရာပိုင်ဆိုင်ခွင့်ရရှိရေးမှာ များစွာအထောက်အကူပြုနိုင်ပါတယ်။

ဒေါ်မီမီတင်

ဒေါ်အေးအေးမြင့်

ဒေါ်မြင့်မြင့်မူ

နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ လိဆန်ဝန်ဒန်ဂင်ဘိုးလ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)တွင် လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်နှင့် မွန်ဂိုလီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှနှင့် ပစိဖိတ်ရေးရာဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ချူလွန်ဘာရာမွန်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

အိမ်ရာကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ အိမ်ရာလိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်ဖို့ နိုင်ငံတော်ရဲ့ လှည့်ပတ်ရန်ပုံငွေလိုရန်ပုံငွေထားခွင့်ပြုခြင်း၊ အဆောက်အအုံ စရိတ်တွေအတွက် ဘတ်ဂျက်က ထောက်ပံ့ပေးခြင်းနဲ့ CPF Fund လို Fund တစ်ရပ် တည်ထောင်ပြီး အိမ်ရာဝယ်ယူတဲ့နေရာမှာ ပံ့ပိုးပေးဖို့ လိုအပ်ပါတယ်။

ဒေါ်အေးအေးမြင့်
ညွှန်ကြားရေးမှူး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကျွန်မတို့မြန်မာနိုင်ငံရဲ့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမူဘောင်ဖြစ်တဲ့ ရန်ကုန်နဲ့ မန္တလေး အဓိကဗဟိုချက်မနှစ်ခု ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့အတူ ဘက်စုံဒေသအနှံ့အပြားဖွံ့ဖြိုးတိုးတက်ရေး မူဝါဒတွေနဲ့အညီ လူဦးရေတစ်သိန်းအထက်ရှိတဲ့ မြို့ကြီးတွေ၊ ငါးသောင်းအထက်ရှိတဲ့မြို့ကြီးတွေနဲ့ လူမှုစီးပွားရေးအရဖွံ့ဖြိုးမှု အလားအလာအများဆုံးရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမြို့တော်တွေ၊ စီးပွားရေးစင်္ကြံ တစ်လျှောက်မှာရှိတဲ့ မြို့ကြီးမြို့ငယ်တွေ၊ အဓိကသယ်ယူပို့ဆောင်ရေးလမ်းကြောင်းကွန်ရက်အတွင်းမှာရှိတဲ့ လမ်းဆုံမြို့တွေ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနဲ့ စီးပွားရေးဖွံ့ဖြိုးမှု ထူးခြားတဲ့အခွင့်အလမ်းရှိတဲ့ မြို့ပြဒေသတွေမှာ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတွေ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၂ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်း လူဦးရေ တစ်သိန်းအထက် မြို့ကြီးတွေနဲ့ လူမှုစီးပွားရေးနဲ့ အုပ်ချုပ်ရေးအရအရေးပါတဲ့ မြို့ပေါင်း ၅၆ မြို့ရဲ့ မြို့ပြစီမံကိန်း ရေးဆွဲခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရဲ့ လိုအပ်ချက်တွေအရ အခြားသော စီမံကိန်းများကိုလည်း ရေးဆွဲခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းရှိ နယ်မြေဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ၂၀၁၂-၂၀၁၆ ခုနှစ်အတွင်း အဓိကအရေးပါတဲ့ မြို့ပေါင်း ၈၁ မြို့ရဲ့ မြို့ပြစီမံကိန်းတွေကို ရေးဆွဲသွားဖို့ စီမံလျာထားပါတယ်။ စီမံကိန်းပုံစံတွေကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့က လွှတ်တော်အဆင့်ဆင့်ကို တင်ပြအတည်ပြုချက်ရယူခြင်းတွေကိုလည်း ဆက်လက်ဆောင်ရွက်ပါတယ်။

မြို့ပြစီမံကိန်း ရေးဆွဲခြင်းဆိုတာ လူမှုစီးပွားဖွံ့ဖြိုးမှုတွေကို အထောက်အကူဖြစ်စေနိုင်တဲ့ မြေအသုံးချမှုအမျိုးမျိုးကို လျာထားပြီးအခြေခံအဆောက်အအုံတွေကို ရေတိုရေရှည်မျှော်မှန်းချက်တွေနဲ့ လူမှုစီးပွားရေးရှုထောင့်စုံက ဆက်စပ်စဉ်းစားကြိုတင်စီမံဆောင်ရွက်ခြင်းပါပဲ။ မြို့ပြစီမံကိန်းဆိုတာ ပြည်သူနေထိုင်ဖို့အတွက် သင့်လျော်တဲ့ အိမ်ရာစီမံကိန်းအစီအမံတွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကိုပါ ဘက်စုံပေါင်းစပ်ပါဝင်ရေးဆွဲခြင်းဖြစ်ပါတယ်။ စနစ်ကျတဲ့ မြို့ပြတွေအဖြစ် အကောင်အထည်ဖော်နိုင်ဖို့ နယ်မြေဒေသစီမံကိန်းတွေမှာလိုအပ်မယ့် Town and Conuntry Planing ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ပြဋ္ဌာန်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

ဒေါ်မြင့်မြင့်မူ
ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)

ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်တဲ့ နေထိုင်ရေးအတွက် တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာတွေကို ပိုမိုတည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။

တည်ဆောက်ပြီး အိမ်ရာတွေကို ဝင်ငွေနည်းသူတွေရဲ့ ပေးနိုင်စွမ်းအားတွေအရ နှစ်ရှည်အရစ်ကျစနစ်နဲ့ ရောင်းချပေးဖို့ လိုအပ်ပါတယ်။ တည်ဆောက်ဖို့လိုနေတဲ့ ဘဏ္ဍာငွေကြေးတွေအတွက် နိုင်ငံတော်ရဲ့ ဘတ်ဂျက်ရန်ပုံငွေ၊ လှည့်ပတ်ရန်ပုံငွေ၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် ချေးယူငွေ၊ မြန်မာ့စီးပွားရေးဘဏ်ချေးငွေ၊ နိုင်ငံခြားဘဏ်တွေနဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေက ချေးငွေတွေနဲ့ ဘက်ပေါင်းစုံငွေကြေးရှာဖွေစုဆောင်းခြင်းတွေနဲ့အတူ တည်ဆောက်သွားဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

တည်ဆောက်ပြီးတဲ့ တန်ဖိုးနည်းအိမ်ရာတွေကို ပုံမှန်ဝင်ငွေ/ဝင်ငွေနည်းပြည်သူတွေ၊ ဝန်ထမ်းတွေကို နှစ်ရှည်အရစ်ကျ ရောင်းချပေးနိုင်ဖို့ အတိုးနှုန်းသက်သာတဲ့ နှစ်ရှည်ချေးငွေတွေရယူပြီး ပြန်လည်ထုတ်ချေးပေးတဲ့စနစ်တွေနဲ့ အကောင်အထည်ဖော်သွားဖို့ ကြိုးပမ်းလျက်ရှိပြီး ဝင်ငွေအလယ်အလတ်ရှိတဲ့ မိသားစုတွေအတွက် တန်ဖိုးသင့်အိမ်ရာစီမံကိန်းတွေကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။

တန်ဖိုးနည်းအိမ်ရာတွေမှာ မိသားစုငါးဦးလောက် နေနိုင်တဲ့ အကျယ်အဝန်းနဲ့ ရေ၊ လျှပ်စစ်၊ လမ်းစတဲ့ အခြားအခြေခံအဆောက်အအုံတွေ ပြည့်ပြည့်စုံစုံ ပါဝင်ဖို့လည်း ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ လူဦးရေထူထပ်တဲ့ မြို့ကြီးတွေမှာ သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ မြေနေရာရရှိရေးညှိနှိုင်းပြီး နိုင်ငံတော်ဘဏ္ဍာငွေခွင့်ပြုချက်ရရှိတဲ့အပေါ် မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

(သတင်းစဉ်)

မိုးရွာတုန်းရေခံ

ဒေါက်တာစန်းဝင်း (သစ်တောတက္ကသိုလ်)

မိုးရွာတုန်း ရေခံဆိုတဲ့ စကားပုံက ဝီရိယရှိစေလိုသောသဘော၊ အချိန်ရှိခိုက် လုံ့လစိုက်စေလိုသဘောဖြင့် အခွင့်အရေးတစ်ခုကို လက်မလွှတ် အောင်ဆောင်ရွက်ကြစေရန် ရှေးလူကြီးသူမတို့ ထားခဲ့တဲ့စကားပုံဖြစ်ပါတယ်။

ယခုအခါ မိုးရေကြောင့် လမ်းများ၊ ရပ်ကွက်များ၊ မြို့များ၊ ရွာများ၊ အမြန်လမ်းတချို့တို့မှာ ရေလျှံနေတာကို တွေ့ရပါတယ်။ မိုးရာသီမှာ ရေလျှံနေရတဲ့အထဲ မိုးရေခံရအုံးမလားဆိုပြီး ဒီစာဖတ်ပြီး ဒေါသဖြစ်နိုင်ပါတယ်။ ယခင်ကရော မြို့ရွာတွေရေလျှံမှုများဟာ မိုးတွင်းမှာ မဖြစ်ခဲ့ဘူးလား။ ဖြစ်တော့ဖြစ်မည်။ ဖြစ်တဲ့ကြိမ်နှုန်း (Frequency)နည်းပါတယ်။

အကြောင်းအရင်းလေးတွေ ဆွေးနွေးလိုပါတယ်။ အကြောင်းက Spongy Function (ရေမြုပ်ပစ္စည်းဆောင်ရွက်မှု) တွေနည်းပါးသွားခြင်းနဲ့ ခေတ္တရေသိုလောင်မှုကိုသာ လျော့ပါးခြင်းနဲ့ မြေအောက်ရေ စီးဆင်းဝင်ရောက်မှု လျော့ပါးလာလို့ဖြစ်ပါတယ်။

Spongy Function အကြောင်း

အော်ဂဲနစ်ပစ္စည်းတွေဖြစ်တဲ့ သစ်တောသစ်ပင်၊ နွယ်ပင်၊ ဝါးပင်မြက်ပင်စတဲ့ ပစ္စည်းတွေဟာ ပတ်ဝန်းကျင်မှာ အစိုဓာတ်က အော်ဂဲနစ်ပစ္စည်းတွေထက်များနေရင် အစိုဓာတ်တွေ ကို သူတို့နိုင်သလောက်စုပ်ယူပြီး ပတ်ဝန်းကျင်မှာရှိတဲ့အစိုဓာတ်ကသူတို့ (အော်ဂဲနစ်ပစ္စည်း) ထက်ပိုခြောက်သွေ့သွားရင် သူတို့မှာရှိတဲ့အစိုဓာတ်ကို ပြန်ထုတ်လွှတ်ပေးပြီး မျှခြေဖြစ်အောင် လုပ်ဆောင်ကြပါတယ်။

ဥပမာ - သစ်သားတံခါးတွေက နွေရာသီမှာ တံခါးပိတ်ရတာချောင်နေပေမယ့် မိုးတွင်းမှာ တံခါးပိတ်ရတာ ကျပ်နေတာမျိုးဖြစ်ပါတယ်။ မိုးရာသီမှာတံခါးတွေကျပ်တာက ပြင်ပကအစိုဓာတ်ကိုစုပ်ယူပြီး ထုထည်ပွားလာတဲ့အတွက် တံခါးပိတ်ရတာ ကျပ်သွားတာပါ။ နွေရာသီတံခါးတွေမကျပ်တာက တံခါးရွက်၊ တံခါးဆန်မှာရှိတဲ့ အစိုဓာတ်များ ခြောက်သွေ့တဲ့ရာသီဥတုထဲ ထုတ်လွှတ်ပြီး ကျုံ့သွားလို့ မကျပ်တော့တာပါ။ ဒီဥပမာကို သိသွားတဲ့အခါ ပိုမိုကျယ်ပြန့်တဲ့ ဥပမာတစ်ခု ဆက်လက်ပြောလိုပါတယ်။ မြန်မာနိုင်ငံမှာသစ်တောသစ်ပင် ဖုံးလွှမ်းမှု ၆၀ ရာခိုင်နှုန်းကျော်၊ ၇၀ ရာခိုင်နှုန်းရှိခဲ့စဉ်က ဒီသစ်တောဧရိယာမှာရှိတဲ့ သစ်ပင်ဝါးပင် စတဲ့အပင်များက ရွာချတဲ့မိုးရေကို ဖော်ပြပါ Spongy Function အတိုင်း စုပ်ယူထားပါတယ်၊ နွေရာသီရောက်တော့ ပတ်ဝန်းကျင်က ခြောက်သွေ့လာတော့ သူတို့စုပ်ယူထားတဲ့ ရေဓာတ်ကို ပြန်ထုတ်လွှတ်ပေးပါတယ်။ အဲဒီတော့ သစ်တောဧရိယာတွေက ထွက်လာတဲ့ စမ်းချောင်းလေးတွေ ဖြစ်လာတာပေါ့၊ ရာသီဥတုပူလာလေလေ စမ်းရေပိုထွက်လာလေလေပါ။ အကြောင်းက ပြင်ပက ပူပြင်းလာတော့ သစ်တောသစ်ပင်တွေက စုပ်ယူထားတဲ့ အစိုဓာတ်ဟာ ပိုပြီးထွက်လာလို့ပါ။ ကြံကြိတ်စက်က ကြံတွေထပ်ထပ်ကြိတ်လေ ကြံရေပိုထွက်လာသလိုပါပဲ။

> **တောင်တန်းတွေ၊ တောင်ကုန်းတွေမှာ သစ်ပင်ဖုံးလွှမ်းနေရင် အလွန်မြင့်မားတဲ့ ကောင်းကင်ကနေ ကျလာတဲ့ ရေပေါက်ကြောင့် မြေဆီလွှာဆုံးရှုံးမှု မရှိတော့ဘူးပေါ့၊ ကြားခံသစ်တောတွေက မြေကိုဖုံးထားတာကို၊ အခုတော့ သစ်တောသစ်ပင် နည်းတာအမျှ မြေတိုက်စားမှုတွေဖြစ်လာတော့ ချောင်းမြောင်းတွေ တိမ်ကော၊ ဆည်တွေမြေပို့ချလို့ တိမ်ကောပျက်စီးတာတွေဖြစ်လာတယ်၊ ချောင်း၊ မြောင်း၊ ဆည်၊ ကန်တွေ တိုက်စားမြေများကြောင့် တိမ်ကောလာတဲ့အခါ ရွာချသမျှပမာဏအတိုင်း စီးဆင်းလာတဲ့မိုးရေဟာ မြစ်၊ ချောင်း၊ မြောင်းတွေပြင်ပကို လျှံထွက်လာ**

သို့သော်လည်း မိုးဦးကျလာပြီဆိုတာနဲ့ အဲဒီစမ်းချောင်းလေးတွေ ယာယီ ခန်းခြောက်သွားလေ့ရှိပါတယ်။ အကြောင်းကမိုးကျတဲ့အခါ ပြင်ပရာသီဥတု စိုစွတ်လာပြီး အပင်တွေက အစိုဓာတ်ထုတ်ရာကနေ စုပ်တဲ့အနေအထားပြောင်းသွားလို့(ရေထုတ်မပေးတော့လို့) စမ်းချောင်းရေခန်းသွားတာပါ။

အဲဒီတော့ အကျိုးဆက်က ဘာလဲဆိုတော့ သစ်တောသစ်ပင်တွေ လျော့ပါးလာတော့ မိုးတွင်းမှာ မိုးရေခေတ္တစုပ်ယူမယ့် ပစ္စည်းမရှိတော့လို့ ရွာချသမျှ မိုးရေဟာ ချောင်း၊မြောင်းတွေ ထဲအားလုံးရောက်ပြီး ရေလျှံမှုတွေဖြစ်ပါတယ်၊ မိုးကုန်တဲ့အခါကျတော့ ရေတစ်စက်စက် ပြန်ထုတ်ပေးမယ့် သစ်ပင်တွေမရှိလို့ ချောင်း၊မြောင်း၊မြစ်တွေ မိုးကုန်တာနဲ့ သိပ်မကြာခင်မှာ ရေနည်းသွားပါတော့တယ်။

ဒါ့ကြောင့် မိုးတွင်းမှာရေလျှံ၊ နွေအခါမှာ ရေနည်းသွားလို့ဖြစ်ကြောင်း သွားလာရေးတွေခက်ခဲတယ်ဆိုတဲ့သတင်းတွေ ကြားမြင်ဖတ်ရှုနေရပါတယ်။

အကျဉ်းချုပ်ပြောရရင် သစ်တော၊ သစ်ပင်များဟာ မည်သည့်ကိစ္စကြောင့်မျှ လျော့ပါးမသွားရအောင် လိုတယ်ဆိုတာကို ပြောလာပါတယ်။ ယခုတင်ပြတာဟာ Spongy Function တစ်ခုပဲ ပြောတာပဲဖြစ်ပါသေးတယ်။

တောင်တန်းတွေ၊ တောင်ကုန်းတွေမှာ သစ်ပင်ဖုံးလွှမ်းနေရင် အလွန်မြင့်မားတဲ့ ကောင်းကင်ကနေကျလာတဲ့ ရေပေါက်ကြောင့် မြေဆီလွှာဆုံးရှုံးမှု မရှိတော့ဘူးပေါ့၊ ကြားခံသစ်တောတွေက မြေကိုဖုံးထားတာကို အခုတော့ သစ်တောသစ်ပင် နည်းတာနဲ့အမျှ မြေတိုက်စားမှုတွေဖြစ်လာတော့ ချောင်းမြောင်းတွေ တိမ်ကော၊ ဆည်တွေမြေပို့ချလို့ တိမ်ကောပျက်စီးတာတွေဖြစ်လာတယ်၊ ချောင်း၊မြောင်း၊ဆည်၊ကန်တွေ တိုက်စားမြေများကြောင့် တိမ်ကောလာတဲ့အခါ ရွာချသမျှပမာဏအတိုင်း စီးဆင်းလာတဲ့ မိုးရေဟာ မြစ်၊ချောင်း၊ မြောင်းတွေ ပြင်ပကို လျှံထွက်လာတာပေါ့။ ရေလျှံခြင်းဆိုပြီး ဖြစ်လာပါတယ်။ သစ်တောတွေရှိနေသေးရင်တော့ ရွာချသမျှမိုးရေတွေအနက် အချို့တစ်ဝက် စုပ်ယူထားပြီး စီးဆင်းသွားမယ့် ရေပမာဏ လျော့စေသလို သစ်တောများက မြေတိုက်စားမှု ကာကွယ်ပေးလို့ ချောင်း၊ မြောင်း၊ တိမ်ကောမှုမဖြစ်စေလို့ ရေစီးရေလာ ကောင်းသွားစေပြီး ရေလျှံမှုကို ကာကွယ်ပေးပါတယ်။

နောက်တစ်ခုက ခေတ္တရေသိုလှောင်မှုဧရိယာများ လျော့ပါးခြင်းကိစ္စပါ၊ ဒါကတော့ ပညာရပ်သဘောသိပ်မရှိပါဘူး။ ယနေ့ခေတ်အခါမှာ မြို့ကြီးများမှာရှိခဲ့တဲ့ ရေဝပ်ဧရိယာ ရေအိုင်တွေကို မြေဖို့ပြီး အထပ်မြင့်အဆောက်အအုံတွေ ဆောက်လုပ်နေတာ အားလုံးအသိပါ။ ယခင်တုန်းကအဲဒီလို ရေအိုင်တွေဟာ ရေလျှံ၊ ရေကြီးမှုမဖြစ်အောင် ရွာချထားတဲ့ ရေတစ်စိတ်တစ်ပိုင်းကို ခေတ္တသိုလှောင်ပေးထားတဲ့ နေရာတွေပါ။ အခုတော့ အဲဒီနေရာတွေ ပျောက်ကုန်သွားတော့ ရေလျှံမှုကို တစ်စိတ်တစ်ပိုင်းဖြစ်စေပါတယ်။

ဒီအမြင်နဲ့ကြည့်ရင် ရန်ကုန်မှာရှိတဲ့ အင်းလျားကန်၊ ကန်တော်ကြီးတို့ရဲ့ ရန်ကုန်မြို့ ရေမလျှံအောင် ကာကွယ်ပေးတဲ့ အကျိုးကျေးဇူးကို သိမြင်နိုင်ပါတယ်။ စာရေးသူဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှာ တာဝန်ထမ်းဆောင်စဉ်က ရန်ကုန်မြို့ရဲ့ နေရာသုံးခုဖြစ်တဲ့ ဆူးလေစေတီအနီး၊ အင်းလျားကန်အနီးနဲ့ စက်မှုဇုန်ဧရိယာဖြစ်တဲ့ အင်းစိန်ဧရိယာတို့မှာ လေအရည်အသွေး (Air Quality) တိုင်းခဲ့ဖူးပါတယ်။ အဲဒီသုံးနေရာအနက် အင်းလျားကန်နံဘေးမှာထိုင်တဲ့ရလဒ်က လေအရည်အသွေး အကောင်းဆုံးဆိုတာတွေ့ရပါတယ်။ စဉ်းစားကြည့်တော့ လေထဲမှာရှိတဲ့ အမှုန်အမွှား (Total Suspended Particulate Matter -TSPM) တွေကို အင်းလျားကန်ရဲ့ ရေငွေ့ကစုပ်ယူထားပေးလို့ လေသန့်သွားတာဖြစ်နိုင်ပါတယ်။ ဆိုလိုတာက ဒီရေအိုင်၊ ရေကန်တွေဟာ မိုးတွင်းအခါ ရေကြီးရေလျှံမှုကို ကာကွယ်ပေးသလို နွေအခါ ဖုန်ထတဲ့ရာသီမှာလည်း လေသန့်သွားအောင် လုပ်ပေးနေတယ်ဆိုတာကို တွေ့နိုင်ပါတယ်။

နောက်ဆုံးတစ်ချက်ဆွေးနွေးလိုတာက Underground Water Recharge (မြေအောက်ရေစိမ့်ဝင်မှု) နည်းပါးသွားစေတဲ့အချက်ပါ။ အခုအခါ ဘိလပ်မြေများ များပြားစွာသုံးစွဲပြီး Concrete Works တွေအများအပြား ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေကြလို့ ရွာချသမျှမိုးရေဟာ မြေကြီးအောက် တစိမ့်စိမ့် စိမ့်ဝင်နိုင်မှု နည်းပါးလာပါပြီ။

ကျွန်တော်တို့ဟာ မြေအောက်ရေကို စုပ်ယူအသုံးပြုနေကြသလို သူ့ကို (ရေကိုမြေကြီးထဲ)ပြန်ဖြည့်တင်းဖို့လည်း လိုပါတယ်။ ဘဏ်မှာစုထားတဲ့ ပိုက်ဆံကို ထုတ်ပြီးသုံးနေမယ်။ ပြန်မထည့်ရင် တဖြည်းဖြည်းကုန်သွားသလိုပေါ့၊ ဒီနေ့ကမ္ဘာမှာ ဗန်ကောက်၊ မက္ကဆီကို မြို့ကြီးတွေမှာ မြေအောက်ရေစုပ်ယူမှုများပြားလွန်းတဲ့အတွက် (ပြန်ဖြည့်တင်းမှုအားနည်းလို့လည်းပါဝင်သပေါ့လေ) အဲဒီမြို့ကြီးတွေဟာ တစ်နှစ်ထက်တစ်နှစ် နိမ့်ကျ (Submerge) ဖြစ်လာတယ်လို့သိရပါတယ်။

ကံမကောင်းအကြောင်းမလှတဲ့ကိစ္စက မြို့ကြီးကနိမ့်ကျနေတဲ့အချိန်မှာ ရာသီဥတုပူနွေးလာမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာနေတဲ့ ကာလမို့ မိုးသည်းထန်စွာရွာချိန်နဲ့ ဒီရေတက်ချိန်ဆုံစည်းလို့ကတော့ ဗန်ကောက်မှာ ကားလမ်းမပေါ် လှေလှော်သွားခဲ့ရတဲ့ ဖြစ်ရပ်လိုဖြစ်သွားမှာပေါ့။ ဒါ့ကြောင့် မြေအောက်စီးဆင်းသွားမယ့် မိုးရေကလည်း မဆင်းနိုင်၊ ခေတ္တသိုလှောင်ပေးမယ့် ရေအိုင်များကလည်း ကွယ်ပျောက်၊ သစ်တော သစ်ပင်ကလည်း နည်းလာ၊ ရာသီဥတုကလည်းကမောက်ကမဖြစ်တဲ့ အချိန်ဆိုတော့ ရွာချမျှ မိုးရေဟာ သူစီးဆင်းသွားလာနိုင်တဲ့ နေရာက လမ်းတွေပဲကျန်တော့တာ၊ အဲဒီတော့ အဲဒီလမ်းတွေရေလျှံတာ မဆန်းတော့ပါဘူး။ လမ်းဟာ ရေသွားရာ လမ်းကြောင်းဖြစ်နေပါပြီ။

နောက်ဆက်တွဲက လမ်းရဲ့အဓိကရန်သူဟာ ရေ ဖြစ်နေလို့လမ်းတွေလည်း ပျက်စီးလွယ် လာပါတယ်၊ ဒါကြောင့် လမ်းဖောက်တဲ့အခါ အဲဒီလမ်းမပျက်စီးရအောင် လမ်းနှုတ်ခမ်း ရေမြောင်းကို ဦးစားပေးတည်ဆောက်ပေးနေရခြင်းပါ၊ မိုးတွင်းမှာ လမ်းတွေဟာ ရေမြောင်းဘဝခေတ္တပြောင်းသွားလို့ လမ်းတွေကို မြှင့်ပြီးတည်ဆောက်တော့ အဲဒီလမ်းဘေးမှာ ဆောက်ထားတဲ့ အိမ်တွေထက် လမ်းကမြင့်လို့ အိမ်ထဲရေဝင်လာပြီး တချို့လမ်းဘေး တိုက်ခန်းရဲ့ အောက်ဆုံးထပ်တွေ ရေဝင်မှုတွေ ဖြစ်လာပါတယ်။ ဒီမှာစဉ်းစားသုံးသပ်ရမှာက နောက်ဆောက်မယ့် အဆောက်အအုံတွေဟာ မြေနေရာခိုင်ခံ့စွာဖြင့် မြှင့်တင်ပြီး ဆောက်ရန် လိုလာပါလိမ့်မယ်။

စာရေးသူဟာ Rio+20 အကြိုအစည်းအဝေးအတွက် အမေရိကန်နိုင်ငံကို သွားခဲ့ရပြီး ဒီတုန်းက ဆွေးနွေးပွဲနားတဲ့ရက်တွေမှာ NewYork ပတ်ဝန်းကျင် သွားလေ့လာခဲ့ပါတယ်။ NY မြန်မာသံအမတ်ကြီးနေအိမ်ဝန်းကျင်မှာဆိုရင် အိမ်ဝန်းတစ်ခုနဲ့ တစ်ခုအကြား စည်းရိုးမှာ အုတ်နံရံခတ်ထားတာမတွေ့ရလို့ မေးကြည့်တော့ By Law အရ အုတ်တံတိုင်းခတ်ခွင့်မပေးဘူးလို့ သိရပါတယ်။အကြောင်းအရင်းက အုတ်တံတိုင်းကြောင့် မြေအောက်ရေစီးဆင်းသွားလာမှု အနှောင့်အယှက် မဖြစ်စေအောင်လို့ပါ၊ အုတ်တံတိုင်း အစား ဘိုကတော်မျက်ခုံးလို အပင်မျိုးလေးတွေသာ နယ်နိမိတ်အပိုင်းအခြားလေးတွေအနေနဲ့ သတ်မှတ်ထားကြပါတယ်။

အထက်ဖော်ပြပါ အချက် သုံးချက်ကြောင့် ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာ မိုးတွင်းရေလျှံ၊ မြစ်ချောင်းတွေမိုးကုန်တာနဲ့ ရေနည်းသွားပြီး လှေ၊ သင်္ဘောတွေသွားလာရေး ခက်ခဲတာတွေကို တွေ့နိုင်ပါတယ်။

ဒါပေမဲ့ လူအများကတော့ မြို့ပြကိစ္စရပ်တွေကို ကိုင်တွယ်နေတဲ့ စည်ပင်အဖွဲ့တွေကိုသာ မေးငေါ့လိုကြပါတယ်။ ရေမြောင်းတွေမဆယ်ဘူး၊ စသဖြင့်ပေါ့။ အမှန်ကတော့ အထက်ဖော်ပြပါ သုံးချက်က အဓိကအချက်တွေအနေနဲ့ ပါဝင်နေပါတယ်။

မိုးရွာတုန်းရေခံဆိုတာက နောက်ဆောက်မယ့်အဆောက်အအုံတွေမှာ အချက် နှစ်ချက် ပါဝင်စေလိုပါတယ်။ အဲဒါက အဆောက်အအုံတစ်ခုချင်းစီက သူ့အပေါ် ရွာချတဲ့ မိုးရေကို စုဆောင်းဖို့ ကိစ္စနဲ့၊ အဆောက်အအုံရဲ့ ဝန်းကျင် အနီးအနားမှာ မြေအောက်ရေပြန်လည်ဖြည့်တင်းဖို့ ကိစ္စ အစီအမံ ပြုလုပ်ပေးလိုတဲ့ကိစ္စပါ။

စာဖတ်သူများ မိုးရွာတုန်းရေခံနိုင်ကြပါစေ။ ။

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ဦးမျိုးတင့်သန်း[၁၂/လမတ(နိုင်)၀၁၃၃၄၅]သိစေရန်

ကျွန်ုပ်အမှုသည်ဖြစ်သူ ဦးခင်ဇော်[၆/ကသန(နိုင်)၀၀၃၈၂၉]မန်နေဂျင်းဒါရိုက်တာ၊ Southern Myanmar Co.,Ltd.အမှတ်-၁၊ ရတနာမွန်(၅)လမ်း၊ အေးရိပ်မွန်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

လူကြီးမင်းသည် ယခင်က Southern Myanmar Co.,Ltd. တွင် မန်နေဂျင်းဒါရိုက်တာ တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ လူကြီးမင်းသည် ၂၆-၁၁-၂၀၁၃ ရက်တွင် ကုမ္ပဏီတာဝန်မှအပြီးအပိုင်တရားဝင်နှုတ်ထွက် သွားခဲ့ပြီးဖြစ်ပါသည်။ လူကြီးမင်း တာဝန်မှနှုတ်ထွက်ပြီးနောက်ကုမ္ပဏီသို့ လူကြီးမင်းက ပေးရန်ကျန်ငွေမှာ ၂၅-၆-၂၀၁၄ရက်တွင် ၉၉၃၁၆၆၀/-(ကျပ်ကိုးဆယ့်ကိုးသိန်းသုံးသောင်းတစ်ထောင့်ခြောက်ရာခြောက်ဆယ်တိတိ)ကို ကုမ္ပဏီသို့ ပြန်လည်ပေးသွင်းရန် တာဝန်ရှိနေပါသည်။

လူကြီးမင်းသည် ၂-၈-၂၀၁၄ ရက်တွင် ကျွန်ုပ်အမှုသည်ထံသို့ ပေးပို့ခဲ့သော အကြောင်းကြားစာတွင် ဖော်ပြထားသော အချက်(၃)ချက်ကို ပြန်လည်ရှင်းလင်းရလျှင်

(၁) ဦးမျိုးတင့်သန်းအား လှိုင်မြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့ရသည့် ကိစ္စမှာ ကုမ္ပဏီမှ ဦးမျိုးတင့်သန်းအပေါ် နစ်နာကြေးပေးရန် တာဝန်လုံးဝမရှိပါ။ အဆိုပါ အမှုမှာ စစ်ဆေးဆဲဖြစ်၍ ကုမ္ပဏီနှင့် လုံးဝပတ်သက်ခြင်းမရှိပါ။

(၂) ဦးမျိုးတင့်သန်းသည် MD မဟုတ်ဘဲ MD အနေဖြင့် မိုးလှိုင်ထွဋ်အပေါ် လှိုင်မြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့ရသည့်အတွက် ကုမ္ပဏီမှ နစ်နာကြေးပေးရန် တာဝန်မရှိပါ။ ဦးမျိုးတင့်သန်း တာဝန်မှ မနုတ်ထွက်မီ(၁၆-၁၀-၂၀၁၃ရက်တွင် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ရသောကြောင့် ဦးမျိုးတင့်သန်းက တရားလိုအဖြစ်ဆက်လက်ဆောင်ရွက်နေရခြင်း သာဖြစ်ပါသည်။

(၃) ဦးမျိုးတင့်သန်းသည် ကုမ္ပဏီမှ နှုတ်ထွက်ခဲ့ပြီးဖြစ်သော်လည်း ကုမ္ပဏီပိုင်ငွေများကို ဦးမျိုးတင့်သန်းက ကိုယ်ကျိုးသုံးစွဲခဲ့သည့်အတွက် ပေးသွင်းနေရခြင်းဖြစ်ပြီး ကုမ္ပဏီတွင် အဆိုပါကိစ္စအတွက် အထောက်အထား စာရွက်စာတမ်းအပြည့်အစုံရှိပါသည်။

ထို့ကြောင့် ဦးမျိုးတင့်သန်းသည် MD တာဝန်ကို(၂)နှစ်ကျော်ထမ်းဆောင်ခဲ့သည့် ကာလများအတွက် တစ်လလျှင် (၁၅သိန်းနှုန်းဖြင့် (၂)နှစ်စာ သိန်း(၃၆၀)အား ပေးရန်ပေးပို့သည့် ၂-၈-၂၀၁၄ ရက်စွဲပါ အကြောင်းကြားစာအား ကုမ္ပဏီအနေဖြင့် လုံးဝလက်ခံ ဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း သိစေအပ်ပါသည်။

အထက်ပါကိစ္စရပ်များနှင့်ပတ်သက်၍ ကုမ္ပဏီနှင့် လူကြီးမင်းတို့မျက်နှာစုံညီ ဖြေရှင်းဆောင်ရွက်မည်ဆိုပါက ယခုသတင်းစာတွင် ကြော်ငြာဖော်ပြသည့်နေ့မှ (၁)လအတွင်း ကုမ္ပဏီသို့ လူကြီးမင်းကိုယ်တိုင် တွေ့ဆုံဖြေရှင်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ဇော်
(လွှဲအပ်ညွှန်ကြားသူ)

ဦးစိုးတင့်ရည် B.A(Law) LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၇)
အမှတ်-၆၂၊ (ပ)ထပ်၊ အခန်း(၁၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖ ကျောဖုံးမှ

ဝင်ရောက်လာသည့် ဘင်္ဂါလီလူမျိုးများကို နိုင်ငံတော်က စိစစ်ကာ ၁၉၈၂ ခုနှစ် လူဝင်မှုကြီးကြပ်ရေးဥပဒေအတိုင်း ဆောင်ရွက်ပေးရန် တောက်လျှောက် တောင်းဆိုခဲ့သည်ကို တွေ့ရပါကြောင်း၊ စိစစ်ရန် ဆောင်ရွက်သည့်အခါတိုင်း နှောင့်ယှက်ခုခံမှုများကို ကြုံတွေ့ရပါကြောင်း။

ဘင်္ဂါလီလူမျိုးများဘက်က ၎င်းတို့သည် သည်ဒေသတွင် မွေးဖွားကြီးပြင်းလာသူများဖြစ်သည်ဟု ထွက်ဆိုကြပါကြောင်း၊ ယင်းကို စိစစ်ကာ မှန်ကန်ပါက အခြားမြန်မာနိုင်ငံသားများ ရသင့်ရထိုက်သည့် အခွင့်အရေးရသကဲ့သို့ ၎င်းတို့ကိုလည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လွတ်လပ်စွာသွားလာခွင့်ရရှိရေး စသည့် အခွင့်အရေးပေးမည်ဆိုပါက စိစစ်ခံသွားမည်ဖြစ်ကြောင်း ဆွေးနွေးလာကြသည်ကိုလည်း တွေ့ရှိရပါကြောင်း။

ယခုရှိနေသည့် အဆိုပါ ဒုက္ခသည်တစ်သိန်းနှစ်သောင်းကျော်၏ စားဝတ်နေရေးကို မြန်မာနိုင်ငံတစ်နိုင်ငံတည်းအနေဖြင့် ရေရှည်တာဝန်ယူပေးနိုင်ရေး ခက်ခဲမည်ဖြစ်သည့်အတွက် နိုင်ငံတကာအကူအညီများဖြင့် ယာယီပံ့ပိုး ဆောင်ရွက်နိုင်ပေသော်ငြား ရေရှည်တွင် ယင်းအချက်သည် သင့်တော်သည့် အဖြေမဟုတ်ခြင်းကို အားလုံးကလက်ခံထားပြီးသားဖြစ်ပါကြောင်း။

ထို့အတွက် စခန်းများအတွင်း၌ ရှိသည့် နှစ်ဖက်အဖွဲ့အစည်း၏ ဘေးဒုက္ခများကို ယခုယာယီနေရာချထားသည့် အခြေအနေမှစပြီး အမြဲတမ်းပြန်လည်နေရာချထားနိုင်စေရန်၊ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်စေရန်၊ လူမှုစီးပွားဘဝ ပြန်လည်မြင့်တက်လာစေရန်၊ နှစ်ဖက်လူ့အဖွဲ့အစည်း သဟဇာတဖြစ်စွာ နေထိုင်သွားနိုင်စေရန် ရေးဆွဲထားသည့် လမ်းပြမြေပုံအတိုင်း အကောင်အထည်ဖော်သွားရမည်ဖြစ်ပါကြောင်း။

သို့မှသာလျှင် ကုလသမဂ္ဂမျက်နှာစာ၊ နိုင်ငံတကာမျက်နှာစာ စသည့် ပြည်တွင်း၊ ပြည်ပမျက်နှာစာတွင် ရခိုင်ပြည်နယ်အရေးအခင်းနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် အထင်မှား အမြင်မှားဖြင့် စွပ်စွဲနေခြင်းမျိုး ရှောင်ရှားနိုင်ပြီး ရခိုင်ပြည်နယ်ကိုလည်း မြန်မာနိုင်ငံ၏ ဒုတိယအဆင်းရဲဆုံး ပြည်နယ်အဖြစ်မျိုးမှ ကျော်လွှားသွားစေနိုင်မည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် ပဋိပက္ခဖြစ်ပေါ်လာရသည့် အခြေခံဇာစ်မြစ်တစ်ခုဖြစ်သည့် လက်ရှိဘင်္ဂါလီလူမျိုးများ တရားဝင်၊ မဝင် ခွဲခြားဖော်ပြနိုင်စေရန် ရှေးဦးစီမံချက်အနေဖြင့် မြေပုံမြို့တွင်ရှိသည့် ဘင်္ဂါလီလူမျိုးများကို သေချာကျနစွာ စိစစ်ရန် ဖိတ်ခေါ်ခဲ့ရာ၌ ယခုဆိုပါက လူပေါင်း ၁၀၉၄ ဦးပဏာမစိစစ်ခဲ့ပြီး ဆက်လက်စိစစ်နေဆဲဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့်တစ်ချိန်တည်းတွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်ပါတည်း စီမံဆောင်ရွက်သွားပါမှ ရေရှည်တည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

ထို့အပြင် ယင်းကယ်ဆယ်ရေးစခန်းများကို နိုင်ငံတကာအလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီခါင်းစဉ်နှင့်ပင် ထောက်ပံ့နေမည်ဆိုပါက ဘေးဒုက္ခသည်များသော ဘင်္ဂါလီလူမျိုးစုဘက်ကိုသာ ပိုမိုဦးတည်သွားနေမည်ဖြစ်ကာ ဒေသခံရခိုင်လူမျိုးများနှင့် ဆက်လက်သဘောထားကွဲလွဲနေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးနေသည့် တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီအပါအဝင် ရခိုင်ပြည်နယ် ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ရေရှည်နှစ်ဖက် လူ့အဖွဲ့အစည်းသဟဇာတဖြစ်လာရေးကို အထောက်အကူပြုစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီများ၊ သက်ဆိုင်ရာလုပ်ငန်း ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လက်ရှိမြေပြင်အခြေအနေ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့တွင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေရေးဆွဲထားသည့် လုပ်ငန်းစီမံချက်အတိုင်း အကောင်အထည်ဖော်နိုင်ရေး စသည်တို့ကို ဆွေးနွေးပေးကြပါရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဘက်စုံမဟာဗျူဟာစီမံကိန်းလုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ဗဟိုကော်မတီ အတွင်းရေးမှူးတို့က ကော်မတီအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များအပေါ် ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်နယ်အတွင်း ကျန်းမာရေးဆိုင်ရာမြှင့်တင်စောင့်ရှောက်ပေးနိုင်ရေးဆိုင်ရာများ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာများအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

ပဥ္စမအကြိမ်မြောက် အာဆီယံတိုင်းရင်းဆေးညီလာခံဖွင့်ပွဲအခမ်းအနားကျင်းပ

သဘာဝဆေးဝါးဖြစ်သည့် တိုင်းရင်းဆေးအပေါ်တွင် မှီခိုအားထားမှုများ တိုးတက်များပြားလာ

ရန်ကုန် ဩဂုတ် ၈

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော ပဥ္စမအကြိမ်မြောက် အာဆီယံတိုင်းရင်းဆေးညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်ယားလိတ်ဟိုတယ်၌ ကျင်းပရာ **(ယာပုံ)** ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က အဖွင့်အမှာစကားပြောကြားရာတွင် သိပ္ပံပညာမထွန်းကားမီ ကာလများတွင် ကမ္ဘာ့လူမျိုးအသီးသီးတို့သည် သက်ဆိုင်ရာ တိုင်းရင်းဆေးပညာဖြင့်သာ ကျန်းမာသန်စွမ်း ကြီးပြင်း လာခဲ့ကြကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများနှင့် လူမျိုး အသီးသီးတို့တွင် ကိုယ်ပိုင်ရိုးရာတိုင်းရင်းဆေးပညာများ ရှိခဲ့ကြကြောင်း။

အနောက်တိုင်းဆေးပညာ၏ စွမ်းဆောင်မှုကြီးမားခြင်း ကြောင့် အချို့သောလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေး ပညာများ မှေးမှိန်ခဲ့ရကြောင်း၊ ဆေးသိပ္ပံပညာရပ်တိုးတက် ဖွံ့ဖြိုးလာသော ကာလများတွင် မိမိတို့အာရှဒေသမှ နိုင်ငံနှင့် လူမျိုးများသည် ဘိုးစဉ်၊ ဘောင်ဆက် တိုင်းရင်း ဆေးပညာကို တစ်နည်းတစ်လမ်း ထိန်းသိမ်းမှီခို အားထား နေဆဲဖြစ်ပါကြောင်း။

ယနေ့ခေတ်ကာလများတွင် သုတေသနပညာရှင်များ သည် တိုင်းရင်းဆေး၏ အစွမ်းအာနိသင်ကို လေ့လာမှု ပြုခဲ့ပြီး သိပ္ပံနည်းကျအထောက်အထားများဖြင့် ခိုင်ခိုင် မာမာ ပြောဆိုမှုကြောင့် သဘာဝဆေးဝါးဖြစ်သည့် တိုင်းရင်းဆေးအပေါ်တွင် မှီခိုအားထားမှုများ တိုးတက် များပြားလာသည်ကို တွေ့နေရပြီဖြစ်ပါကြောင်း၊ ထို့ ကြောင့် ကျန်းမာရေးဆိုင်ရာပညာရှင်များနှင့် တာဝန်ရှိသူ များသည် တိုင်းရင်းဆေးဖြင့် ပြည်သူလူထုအား ကျန်းမာ ရေးစောင့်ရှောက်မှုစနစ်ကို စနစ်တကျ ထူထောင်လုပ် ကိုင်ကြမည်ဖြစ်ပါကြောင်း၊ တစ်ဖက်မှာလည်း ရိုးရာ တိုင်းရင်းဆေးပညာဖြင့် သဘာဝတိုင်းရင်းဆေးဝါးများ၏ အစွမ်းအာနိသင်များကို သိပ္ပံနည်းကျ စည်းကမ်းတကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသအလိုက် ရိုးရာတိုင်းရင်းဆေးပညာ၏ သီအိုရီ သဘောသဘာဝများကွာခြားနိုင်သော်လည်း တိုင်းရင်း ဆေးဝါးအသုံးပြုမှုတွင် သဘာဝကပေးသော ဆေးပင်၊ ရေထွက်နှင့် မြေထွက်ဆိုင်ရာ ဆေးပစ္စည်းများသုံးစွဲမှုတွင် အတူတူပင်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာနိုင်ငံအလိုက် တိုင်းရင်းဆေးပညာကို ထိန်းသိမ်းစောင့်ရှောက်ကြမည် ဆိုသည်ကို ယုံကြည်မိပါကြောင်း။

ယခုကဲ့သို့ အရှေ့တောင်အာရှ ဒေသတွင်းမှ နိုင်ငံများ ပူးပေါင်းပြီး ရိုးရာတိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများ ပိုမိုဖြစ် ထွန်းပေါ်ပေါက်လာမည်ဆိုသည်ကို ခိုင်ခိုင်မာမာ ယုံကြည် ပါကြောင်း၊ ထို့ကြောင့် အာဆီယံတိုင်းရင်းဆေးပညာ ဆိုသည့် ဝေါဟာရအပေါ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ချစ်ခင်ရင်းနှီးစွာ လက်တွဲပူးပေါင်းမှုကို ပေါ်လွင်စေပါကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာကို မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် မည်သို့ပူးပေါင်းပါဝင် ထားသည်ကိုလည်း တင်ပြလိုပါကြောင်း၊ ၁၉၈၉ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်၌ တိုင်းရင်းဆေးပညာ ဦးစီးဌာနကို သီးခြားဖွင့်လှစ်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် တိုင်းရင်းဆေးဝါးဥပဒေကို ပြဋ္ဌာန်းကာ တိုင်းရင်းဆေးဝါး များကို မှတ်ပုံတင်နှင့် ထုတ်လုပ်မှုလိုင်စင်များ ဥပဒေနှင့် အညီ စနစ်တကျ ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် တိုင်းရင်းဆေးကောင်စီဥပဒေကို ပြဋ္ဌာန်းခဲ့ပါ ကြောင်း၊ မိမိတို့နိုင်ငံတွင် မှတ်ပုံတင် တိုင်းရင်းဆေးဆရာ များသည် တိုင်းရင်းဆေးရုံနှင့် ဆေးခန်းများဖွင့်လှစ်ကာ စနစ်တကျ ဆေးကုသခွင့်ရရှိပြီဖြစ်ပါကြောင်း၊ တစ်ဖက် တွင်လည်း မှတ်ပုံတင် တိုင်းရင်းဆေးဝါးများကို သိပ္ပံနည်း ကျ ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးစည်းရုံးဆောင်ရွက် လျက်ရှိပါကြောင်း။

ယခု ညီလာခံတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်သုံးနိုင်ငံဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အထူးဖိတ်ကြားထားသည့် အခြားနိုင်ငံများမှ တိုင်းရင်း ဆေးပညာရှင်များ အာဆီယံနိုင်ငံများ၏ တိုင်းရင်းဆေး ပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ချစ်ကြည်ရင်းနှီးစွာ၊ ဆွေးနွေးဖလှယ်ကာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆန္ဒပြုပါ ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီး များသည် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ပဥ္စမအကြိမ် အာဆီယံတိုင်းရင်းဆေးညီလာခံသို့ အာဆီယံနိုင်ငံများမှ တိုင်းရင်းဆေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် နီပွန်ဖောင်ဒေးရှင်းတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြမည် ဖြစ်သည်။

အဆိုပါညီလာခံတွင် အာဆီယံနိုင်ငံများမှ ကိုယ်စား လှယ်များက မိမိတို့နိုင်ငံအလိုက် တိုင်းရင်းဆေးဆိုင်ရာ သုတေသန တွေ့ရှိဆောင်ရွက်ချက်များကို စာတမ်းများ ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။ညီလာခံကိုဩဂုတ် ၈ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အာဆီယံတိုင်းရင်းဆေးညီလာခံများကို ပထမအကြိမ် အဖြစ် ၂၀၀၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၀ တွင် ဗီယက်နမ်နိုင်ငံ၊ တတိယအကြိမ်အဖြစ် ၂၀၁၁ တွင် အင်ဒိုနီးရှားနိုင်ငံ၊ စတုတ္ထအကြိမ်အဖြစ် ၂၀၁၂ တွင် မလေးရှားနိုင်ငံတို့၌ ကျင်းပခဲ့ပြီး ယခု ၂၀၁၄ ခုနှစ်တွင် ပဥ္စမအကြိမ်အဖြစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပခဲ့ခြင်းဖြစ်သည်။

ပဥ္စမအကြိမ်မြောက် တိုင်းရင်းဆေးညီလာခံ၏ ဆောင်ပုဒ်မှာ "တိုင်းရင်းဆေးပညာအား နိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုစနစ်အတွင်း ပူးပေါင်းကြပါစို့" ဖြစ် သည်။

ပဥ္စမအကြိမ်မြောက် အာဆီယံ တိုင်းရင်းဆေးညီလာခံ သို့ တက်ရောက်လာကြသည့်ကိုယ်စားလှယ်များအား ယနေ့ညပိုင်းတွင် ကရဝိက်နန်းတော် ဥတ္တရခန်းမ၌ ညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ **ရေဘေးသင့်ပြည်သူများမှ**

မဝတ်လုံချည် ၅၁၁ ထည်၊ ခြုံပဝါ ၅၁၁ ထည်၊ ကာဘော်လစ်ဆပ်ပြာတောင့် ၅၁၁ တောင့်နှင့် ရေသန့်ဘူးများ လှူဒါန်းခဲ့ပြီး အခြားသောရေဘေး သင့် ကယ်ဆယ်ရေးစခန်းများသို့ လည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေဘေးသင့် ပြည်သူတစ်ဦးက "ကျွန်တော်တို့ရေကြီးတဲ့အတွင်းပိုင်း နေရာတွေကို စစ်တပ်ကလှေတွေနဲ့ လာခေါ်ပြီး ရေလွတ်ရာကို ကူညီသယ်ဆောင်ပေးတယ်၊ ကယ်ဆယ်ရေးစခန်း တွေကို အလှူရှင်တော်တော်များများ က လာရောက်လှူဒါန်းပါတယ်။ ကိုယ့်အိမ်မဟုတ်တော့ နေထိုင်ရတာ နည်းနည်းအဆင်မပြေဘူးပေါ့" ဟု ပြောသည်။

ပဲခူးမြစ်၏စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာအထက်တွင် ဆက်လက် ရှိနေကြောင်း ယနေ့ညနေ ၄ နာရီခွဲ အချိန်တွင် သိရသည်။

(မိုးဝင်းသူ)

■

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

☆ ရွှေဖုန်းမှ

ငြိမ်းချမ်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

လွန်ခဲ့သည့် (၄၇)နှစ်အတွင်း အာဆီယံနိုင်ငံများသည် ဆင်းရဲနွမ်းပါးမှုများ၊ ပြည်တွင်းပဋိပက္ခများ၊ စီးပွားရေး အကျပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်များ၊ အင်အားကြီး နိုင်ငံများ၏ ဖိအားပေးမှုများကို ရင်ဆိုင်ကြံ့ကြံ့ခံပြီး ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ အာဆီယံနိုင်ငံများသည် စုပေါင်းကြိုးပမ်းမှုနှင့် တစ်ဦးချင်းကြိုးပမ်းမှုများမှ ကမ္ဘာ့အသိုက်အဝန်းအတွင်းတွင် စုစည်းမှုရှိသော၊ စီးပွားရေး ရှင်သန်တိုးတက်သော၊ လူမှုရေးအရ ကူညီစောင့်ရှောက်တတ်သော၊ နိုင်ငံရေးအရ ငြိမ်းချမ်းတည်ငြိမ်ပြီး သာယာဝပြောသော အသိုက်အဝန်း ထူထောင်မှုကို ကြိုးပမ်းနိုင်ခဲ့ကြပါကြောင်း၊ စစ်မက်ဘေးက ကင်းဝေးပြီး အေးချမ်းတည်ငြိမ်မှုသည် အာဆီယံ၏အခြေခံသရုပ်လက္ခဏာဖြစ်ပြီး ငြိမ်းချမ်းတည်ငြိမ်မှုကြောင့်လည်း စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပြည်သူများ၏ သာယာဝပြောမှုကို ဆောင်ကြဉ်းနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

အာဆီယံသည် ယခုဆိုလျှင် လူဦးရေ ၆၀၉ သန်းရှိသည့် ဈေးကွက်ကြီးဖြစ်လာပြီး စုစုပေါင်း ကုန်ထုတ်တန်ဖိုး GDP သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံမျှ ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ အာဆီယံ၏ စီးပွားရေးတိုးတက်မှုသည် ကမ္ဘာ့စီးပွားရေးကျဆင်းမှု၊ ယူရိုငွေကြေးဈေးကွက်၏ အကျပ်အတည်းများကြားမှာပင် နှစ်စဉ် ပျမ်းမျှ ၄၊ ၅ ရာခိုင်နှုန်းထက် ကျော်လွန်ခဲ့ပါကြောင်း၊ မကြာမီ အာဆီယံသည် တစ်ခုတည်းသော စရိုက်လက္ခဏာ၊ တစ်ခုတည်းသော မျှော်မှန်းချက်၊ တစ်ခုတည်းသော အသိုက်အဝန်းဆိုသည့် အာဆီယံ၏ ဆောင်ပုဒ်နှင့်အညီ အောင်မြင်သော ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုအဖြစ် ပေါ်ထွန်းလာတော့မည်ဖြစ်ပါကြောင်း။

ယင်းမျှော်မှန်းချက်များနှင့်အညီ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ၏ နေထိုင်လိုမှု၊ မေတ္တာ၊ စေတနာစိတ်ထားကို လွှမ်းမိုးစေရမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင်လည်း ယင်းဝါဒများ ထွန်းကားလာမှုနှင့် နောက်ကွယ်အကြောင်းအရာများကို လေ့လာဖော်ထုတ်ဖြေရှင်းပေးသွားကြရမည်ဖြစ်ပါကြောင်း။

သတင်းနှင့်အချက်အလက် နည်းပညာများကြောင့် ကမ္ဘာတစ်ဝန်းလွှမ်းခြုံပျံ့နှံ့မှုဖြစ်စဉ်နှင့် အပြန်အလှန်မှီခို အကျိုးသက်ရောက်မှုများ ဖြစ်လာသည့်အချိန်တွင် အမုန်းတရားပွားများစေမည့် သတင်းများကို လူနည်းစုက ဖြန့်ဝေလာသကဲ့သို့ ငြိမ်းချမ်းမှုကို လိုလားသည့် လူအများစုကလည်း ငြိမ်းချမ်းမှုနှင့် မေတ္တာတရားကိုပွားများစေမည့် သတင်းမှုသည် လက်ရှိအခြေအနေတွင် ၈၀ ရာခိုင်နှုန်းမျှ ပြီးစီးနေပြီး လာမည့် ၁၇ လအတွင်းတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ ၂၀၁၄ ခုနှစ် မေလအတွင်းက ကျင်းပခဲ့သည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွင်းတွင် နေပြည်တော် ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပြီး အာဆီယံအသိုက်အဝန်းထူထောင်ရေးလုပ်ငန်းများကို မဆုတ်မနစ်တက်ကြွစွာ အကောင်အထည်ဖော်ကြရန် မိမိတို့၏ သန္နိဋ္ဌာန်ချမှုများကို ထပ်လောင်းအတည်ပြုခဲ့ကြပြီးဖြစ်ပါကြောင်း။

အာဆီယံအတွက် ဒုတိယဦးစားပေး ဆောင်ရွက်ရမည့် အချက်သည် အစည်းအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုများကို တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အာဆီယံ၏ တတိယဦးစားပေးရမည့်အချက်သည် အာဆီယံသည် ပြောင်းလဲနေသည့် ကမ္ဘာ၏ ပကတိအခြေအနေများနှင့် တိုးတက်ဖြစ်ပေါ်လာသည့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ အနေအထားများနှင့်အညီ တုံ့ပြန်ပြောင်းလဲနိုင်စေရေး ဖြစ်ပါကြောင်း၊ သို့မှသာ အာဆီယံသည် နိုင်ငံတကာအသိုက်အဝန်းအတွင်းတွင် အရေးပါပြီး ခိုင်မာသည့်အဖွဲ့အစည်းတစ်ရပ် ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ဤမျှော်မှန်းချက်သည် အာဆီယံကို ကမ္ဘာ့အမြင်ရှိသည့်အဖွဲ့အစည်းဒေသတွင်းနှင့် နိုင်ငံတကာ

ယခုနှစ်ဆောင်ပုဒ်ကို ရှေ့သို့တူညီတက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီဟု သတ်မှတ်ခဲ့ပြီး ငြိမ်းချမ်းသာယာသည့် အာဆီယံ အသိုက်အဝန်းတစ်ရပ်ဆီသို့ မမှိတ်မသုန် ရှေးရှုပြီး ရှေ့သို့ ဆက်လက်ချီတက်ရန် တပ်လှန့်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယနေ့ ကမ္ဘာ့အခြေအနေများကို ကြည့်ပါက စိုးရိမ်မကင်းဖွယ် မတည်မငြိမ်မှုများစွာကို တွေ့ရပါကြောင်း၊ အာဆီယံအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို စုပေါင်းထိန်းသိမ်းနိုင်ရေးအတွက် အာဆီယံကို အခြေခံပြီး ဦးဆောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒေသဆိုင်ရာနိုင်ငံရေးနှင့် လုံခြုံရေးမူဘောင်များကို အသစ်တစ်ဖန် စဉ်းစားသည့်နေရာတွင်လည်း လက်ရှိမိမိတို့အားလုံး လိုက်နာကျင့်သုံးနေသည့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ပါအချက်များကို အခြေခံသင့်သည်ဟု ယူဆပါကြောင်း။

ကမ္ဘာကြီးကို ငြိမ်းချမ်းသာယာဝပြောစေရန်အတွက် ဘာသာရေး၊ လူမျိုးရေးတို့တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ သဟဇာတမျှတမှု၊ သည်းခံစိတ်များ မြှင့်တင်မှုတို့ကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အစွန်းတရားများကို ရှောင်ရှားပြီး ငြိမ်းချမ်းစွာ စကားများကို တုံ့ပြန်ပွားများစေရမည်ဖြစ်ပါကြောင်း၊ အာဆီယံအနေဖြင့် ရှေ့သို့တူညီတက်လှမ်းချီရာတွင် ပထမဦးဆုံး ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းသည် အာဆီယံအသိုက်အဝန်းထူထောင်မှုပင်ဖြစ်ပါကြောင်း။

အာဆီယံအသိုက်အဝန်းထူထောင် အာဆီယံ၏ဖွဲ့စည်းမှုကို ပိုမိုခိုင်မာစေရေးပင်ဖြစ်ပါကြောင်း၊ အာဆီယံကို ၂၀၀၈ ခုနှစ် အာဆီယံပဋိညာဉ်စာတမ်းအရ စည်းမျဉ်းစည်းကမ်းကို အခြေခံသည့် အဖွဲ့အစည်းတစ်ခုအဖြစ် အသွင်ပြောင်းခဲ့ရာတွင် အာဆီယံ၏ အဓိကအဖွဲ့အစည်းများ၏ ခိုင်မာမှု၊ အာဆီယံအဖွဲ့အသိုက်အဝန်းအတွင်းတွင် တက်ကြွနိုးကြားမှုရှိသည့် အဖွဲ့အစည်းဖြစ်လာစေမည်ဖြစ်ပြီး စိန်ခေါ်မှုများကိုလည်း ကျော်လွှားနိုင်စေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံမျှော်မှန်းချက်ကို ချမှတ်နိုင်မှုသည် များစွာအရေးကြီးပါကြောင်း၊ အများပါဝင်နိုင်ပြီး ပြည်သူကိုဗဟိုပြုသည့် အာဆီယံသည် ကျယ်ပြန့်သည့် စီးပွားတိုးတက်မှုကို ရရှိရမည်ဖြစ်ပြီး အခွင့်အရေးနည်းပါးသည့် လူ့အဖွဲ့အစည်း အစိတ်အပိုင်းများအထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကို ခံစားနိုင်စေရမည်ဖြစ်ပါကြောင်း၊ ဤမျှတသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုရရှိရန် အာဆီယံအနေဖြင့် အာဆီယံပေါင်းစည်းရေးဆိုင်ရာ ကြိုးပမ်းမှုနှင့်ဖွံ့ဖြိုးမှုကွာဟမှုများ လျော့နည်းနေမှုများကို ကြိုးပမ်းခဲ့ကြပါကြောင်း၊ ထိုသို့သော ကြိုးပမ်းမှုများကြောင့် အဖွဲ့ဝင်နိုင်ငံသစ်များဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများ၏ အာဆီယံ၏ စုစုပေါင်း GDP တွင် ပါဝင်မှုနှုန်းသည် ၂၀၀၉ ခုနှစ်၌ ခြောက်ရာခိုင်နှုန်းမှ ၂၀၁၃ ခုနှစ်၌ ၁၂ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို အားရဖွယ်တွေ့ရှိရပါကြောင်း။

အာဆီယံ၏ပေါင်းစည်းမှု၊ တူညီသည့်အခွင့်အလမ်းများနှင့် အာဆီယံကို ပြိုင်ဆိုင်နိုင်စွမ်းရှိသည့် ဒေသဖြစ်ပေါ်စေရန်ကိစ္စတွင် အထူးအရေးကြီးသည့် ကိစ္စဖြစ်ပါကြောင်း၊ အာဆီယံဆက်သွယ်ရေး မဟာစီမံကိန်းကို မဖြစ်မနေ အကောင်အထည်ဖော်ကြရန်ဖြစ်ပါကြောင်း၊ အာဆီယံအနေဖြင့် ရှေ့သို့တူညီတက်လှမ်းချီရာတွင် စိန်ခေါ်မှုနှင့် ခြိမ်းခြောက်မှုများစွာကို ရင်ဆိုင်ကျော်လွှန်သွားနိုင်ရေးကို ပြင်ဆင်ထားကြရန် ဖြစ်ပါကြောင်း၊ ယင်းစိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများအနက် ကမ္ဘာတစ်ဝန်းလုံးနှင့်အတူ ရင်ဆိုင်နေရသည့် ပြဿနာသည် ရာသီဥတု ပြောင်းလဲမှုများနှင့် အလွန်အမင်း ရာသီဥတုဖောက်ပြန်မှုများကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုများပင်ဖြစ်ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ မိမိအနေဖြင့် ပြီးခဲ့သည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အရေးယူ ဆောင်ရွက်သင့်သည့် အချက်များကို တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါအချက်များကို ဆက်လက် အကောင်အထည်ဖော်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

ငြိမ်းချမ်းသာယာသည့် အာဆီယံအသိုက်အဝန်းဖြစ်ပေါ်စေရန်၊ အမြဲရှင်သန်နေသည့် အဖွဲ့အစည်းဖြစ်ပေါ်စေရန်၊ စီးပွားရေးအားဖြင့် ရှင်သန်သွက်လက်သည့် အဖွဲ့အစည်းဖြစ်စေရန်၊ အာဆီယံပြည်သူများကို ဗဟိုပြုသည့် အာဆီယံဖြစ်စေရန်၊ နိုင်ငံတကာ အသိုက်အဝန်းအလယ်တွင် ဂုဏ်ယူတင့်တယ်စွာ ရပ်တည်နိုင်သည့် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ဖြစ်စေရန်၊ ရှေ့သို့တူညီတက်လှမ်းချီကြရန် ယခုလို (၄၇)ကြိမ်မြောက် အာဆီယံအခါသမယတွင် အာဆီယံနိုင်ငံအားလုံးကို တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အမှာစကားပြောကြားရာတွင် အာဆီယံသည် အာဆီယံအသိုက်အဝန်း၏ စင်မြင့်သစ်အတွက် လက်တစ်ကမ်းအနေအထား၌ ရှိနေသည်ဖြစ်ရာ မိမိတို့၏ ရည်မှန်းချက်များ အချိန်မီပြည့်မီအောင် လုပ်ဆောင်ရန် အထူးအရေးကြီးပါကြောင်း၊ ယခုအချိန်သည် မိမိတို့၏ အတိတ်ကာလကရရှိခဲ့သော ဂုဏ်သတင်းကို ပြန်လည်သုံးသပ်ရန်သာမက ပွင့်လင်းစွာ ပြန်လည်သုံးသပ်ရမည့်အချိန်ဖြစ်သည့်အပြင် မိမိတို့အနာဂတ်အတွက်ပါ အစီအစဉ်ချမှတ်ရမည့်အချိန်လည်း ဖြစ်ပါကြောင်း။

ဤသည်မှာ ၂၀၁၅ ခုနှစ်တွင် နိုင်ငံရေးအရ စည်းလုံးသော၊ စီးပွားရေးအရ ပေါင်းစည်းသော၊ လူမှုရေးအရ တာဝန်ယူသော အာဆီယံအသိုက်အဝန်းတစ်ခု ပေါ်ပေါက်ရေးအတွက် မိမိတို့၏ စုပေါင်းအားထုတ်မှုများကို တွန်းအားပေးရန်ဖြစ်ပါကြောင်း။

မိမိတို့၏ အင်စတီကျူးရှင်းများနှင့် ပြည်ပဆက်ဆံရေးများ မြှင့်တင်ရန်အတွက် ပြန်လည်သုံးသပ်သော အာဆီယံလုပ်ငန်းစဉ်များ ကောင်းစွာတိုးတက်နေကြောင်းကို အထူးဝမ်းမြောက်စွာ အသိပေးလိုပါကြောင်း။

အာဆီယံအသိုက်အဝန်း၏ အနာဂတ်အတွက် ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်ကို ပုံဖော်ရာတွင် တိုးတက်မှုများ ရရှိနေမှုကြောင့် ဝမ်းမြောက်မှုဖြစ်ရပါကြောင်း၊ ဤကြိုးပမ်းမှုများသည် မိမိတို့ပြည်သူများ၏ ဆန္ဒများအားဖြည့်ဆည်းပေးရေးနှင့် အာဆီယံစည်းလုံးညီညွတ်ရေးတို့အတွက် အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

အာဆီယံသည် အာဆီယံပဋိညာဉ်စာတမ်း၊ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်(TAC) နှင့် အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းရှင်းရေးဇုန်စာချုပ် (SEANWFZ Treaty) ကဲ့သို့သော အရေးပါသည့် နိုင်ငံရေးဆိုင်ရာ စာချုပ်စာတမ်းများကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ အများသဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်ချမှု၊ ညှိနှိုင်းတိုင်ပင်ရေးဆိုင်ရာ အခြေခံမူများနှင့် အညီဆောင်ရွက်မှု၊ အားလုံးကြွယ်ဝချမ်းသာမှုတို့ပါဝင်ပါကြောင်း၊ ယင်းတို့မှာ အာဆီယံ၏အမှတ်သင်္ကေတများဖြစ်လာခဲ့သည့်အပြင် ဒေသအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် အထောက်အကူပြုပါကြောင်း။

သို့သော်လည်း မိမိတို့၏ကြိုးပမ်းမှုများသည် စိန်ခေါ်မှုများနှင့် မလွတ်ကင်းပါကြောင်း၊ ယနေ့ အာဆီယံ ရင်ဆိုင်နေရသော စိန်ခေါ်မှုများသည် ရှုပ်ထွေးပြီး ဘက်ပေါင်းစုံ ထည့်သွင်းစဉ်းစားရန် လိုအပ်သည့်အပြင် နိုင်ငံအားလုံးနှင့် သက်ဆိုင်နေသော ကိစ္စများဖြစ်သဖြင့် ပိုမိုပြည့်စုံသော အဖြေများရရှိရန် လိုအပ်နေပါကြောင်း။

မိမိတို့၏ စုစည်းညီညွတ်မှုဖြင့် ပြောင်းလဲနေသော ဒေသဆိုင်ရာ လုံခြုံရေးနှင့် စီးပွားရေးရှုခင်းများနှင့်အညီ အာဆီယံ၏ခွန်အားကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

စုပေါင်းလုပ်ဆောင်မှုဖြင့် ရှေ့သို့ချီတက်ရာတွင် မိမိတို့သည် ဒေသဆိုင်ရာငြိမ်းချမ်းရေး၊ စည်ပင်သာယာဝပြောရေးနှင့် လူမှုရေးအရ သဟဇာတရှိရေးတို့အတွက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ အာဆီယံ၏လုပ်ငန်းစဉ်များ ပိုမိုထိရောက်ရေးနှင့် ခိုင်မာသော ပြည်ပဆက်ဆံရေးတို့အတွက် ကြိုးပမ်းရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကမ္ဘာကြီးနှင့်အတူ အပြုသဘောပြောင်းလဲမှုအတွက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက 'ညီညွတ်သော အာဆီယံ' တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက 'ညီညွတ်သော အာဆီယံ' တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-I) ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအေးမြင့်ကြူ၊ ဒေါက်တာကံဇော်တို့တက်ရောက်ကြပြီး အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ မျက်နှာစုံညီအစည်းအဝေးနှင့် သီးသန့်အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၈

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ မျက်နှာစုံညီအစည်းအဝေးနှင့် သီးသန့်အစည်းအဝေးတို့ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-I)၌ ဆက်လက်ကျင်းပခဲ့သည်။**(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့တက်ရောက်ကြသည်။

အစည်းအဝေးတွင် (၄၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ နောက်ဆက်တွဲလုပ်ငန်းစဉ်များ၊ တောင်တရုတ်ပင်လယ်တွင်း နိုင်ငံများလိုက်နာဆောင်ရွက်ရမည့် ကြေညာစာတမ်း အကောင်အထည်ဖော်နေမှုလုပ်ငန်းစဉ်နှင့် အာဆီယံအသိုက်အဝန်းအကောင်အထည်ဖော်မှုဖြစ်ပေါ်တိုးတက်မှုများ၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင်၏ ၂၀၁၄ ခုနှစ် အစီရင်ခံစာကို မှတ်တမ်းတင်ခြင်း၊ ၂၀၁၅ ခုနှစ် လုပ်ငန်းအစီအစဉ်များနှင့် ဘဏ္ဍာငွေတို့ကို အတည်ပြုခြင်း၊ အာဆီယံ-နော်ဝေမိတ်ဖက်အစီအစဉ်ဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ်ကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက နော်ဝေ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အတည်ပြုခြင်းနှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ၊ ဒေသတွင်း ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပြင်ပဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဌာနဖြစ်စဉ်များနှင့် ဦးဆောင်ဦးရွက်အစီအစဉ်များဆိုင်ရာ စာအုပ်မိတ်ဆက်ခြင်း အစီအစဉ်တို့ကို ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။

အစည်းအဝေးတွင် သဘာပတိ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဆက်လက်ကျင်းပပြုလုပ်မည့် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၁၅)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၂၁)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၄)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးများနှင့်စပ်လျဉ်းသည့် ကြိုတင်ပြင်ဆင်မှုများကိုလည်း ရှင်းလင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် သတင်းဌာနများနှင့်တွေ့ဆုံပြီး မေးမြန်းချက်များကို ရှင်းလင်းဖြေကြား

နေပြည်တော် ဩဂုတ် ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်သည် ယနေ့တွင် (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သတင်းရယူကြသော ပြည်တွင်း ပြည်ပသတင်းဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၁ နာရီတွင် တရုတ်နိုင်ငံ စီစီတီဗွီသတင်းဌာနနှင့် လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဂျပန်နိုင်ငံ အဆာဟိ ရှင်ဘွန်းနှင့် လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် အမေရိကန်နိုင်ငံ ဗွီအိုအေသတင်းဌာနနှင့် လည်းကောင်း၊ ညနေ ၄ နာရီတွင် စင်ကာပူနိုင်ငံ Singapore Press Holdings Limited မှ သတင်းအဖွဲ့နှင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် The Straits Time မှ သတင်းအဖွဲ့နှင့် လည်းကောင်း တွေ့ဆုံခဲ့သည်။

ထို့ပြင် ညနေ ၃ နာရီခွဲတွင် သန္တာခန်းမ၌ သတင်းစာရှင်းလင်းပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြည်တွင်း၊ ပြည်ပသတင်းဌာနများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၈

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်များ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-I)၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်အနေဖြင့် အာဆီယံအသိုက်အဝန်း ထူထောင်မည့် ၂၀၁၅ ခုနှစ်တွင် မဏ္ဍိုင်သုံးရပ်စလုံး၌ လူ့အခွင့်အရေးကိစ္စများ ထည့်သွင်းဆောင်ရွက်နိုင်ရန် အဆိုပြုတင်ပြခြင်း၊ ကော်မရှင်၏ ငါးနှစ်လုပ်ငန်းစဉ်/ဦးစားပေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခြင်း၊ ကော်မရှင်အနေဖြင့် ပထမဆုံးအကြိမ် ဆောင်ရွက်ပြီးစီးခဲ့သည့် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ရှိမှု ဘာသာရပ်ဆိုင်ရာ လေ့လာခြင်းနှင့် ကော်မရှင်၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်အပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

အီရတ်တွင် စစ်သွေးကြွများကို လေကြောင်းမှ တိုက်ခိုက်ရန် အမေရိကန်သမ္မတ ခွင့်ပြု

ဝါရှင်တန် ဩဂုတ် ၈

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ၎င်းသည် အီရတ်နိုင်ငံမြောက်ပိုင်းရှိ အစ္စလာမ္မစ်စစ်သွေးကြွများကို လေကြောင်းမှ တိုက်ခိုက်ရန် အခွင့်အာဏာပေးလိုက်ပြီ ဖြစ်ကြောင်း၊ မြေပြင်တပ်ဖွဲ့များကိုမူ ပြန်လည် စေလွှတ်မည်မဟုတ်ကြောင်း ယနေ့ ပြောကြားသည်။

၎င်းက အိမ်ဖြူတော်၌ မိန့်ခွန်းပြောကြားရာတွင် စင်ဂျာတောင်တန်းပေါ်၌ အိုင်အက်စ် တိုက်ခိုက်ရေးသမားများ၏ ပိတ်ဆို့ခြင်း ခံနေရသော ယာဇီဒီဘာသာရေးလူနည်းစုဝင်များထံသို့ အမေရိကန် စစ်လေယာဉ်များက စားနပ်ရိက္ခာနှင့် ရေများ ချပေးခဲ့ကြောင်း ထည့်သွင်းပြောဆိုခဲ့သည်။

ကုလသမဂ္ဂက စင်ဂျာမြို့မှ အရပ်သား ၂၀၀,၀၀၀ခန့်သည် နေအိမ်များမှ ထွက်ပြေးခဲ့သည်ဟု ခန့်မှန်း၍ တောင်တန်းများပေါ်၌ ယာဇီဒီ ၅၀,၀၀၀ခန့် ပိတ်မိနေသည်ဟု ယူဆသည်။

၎င်းတို့သည် တောင်တန်းပေါ်၌ ဆက်လက်ခိုနေလျှင် အစာငတ်မွတ်မှုနှင့် ရေဓာတ်ခန်းခြောက်မှုတို့ဖြင့် ရင်ဆိုင်ရမည်ဖြစ်ပြီး တောင်ပေါ်မှထွက်ပြေးလျှင်လည်း အိုင်အက်စ်တို့၏ သတ်ဖြတ်ခြင်းခံရမည်ဖြစ်သည်ဟု တာဝန်ရှိသူများက သတိပေးသည်။

အီရတ်မြောက်ပိုင်းကို ထိန်းချုပ်ထားသော အိုင်အက်စ်တိုက်ခိုက်ရေးသမားများ။

အီရတ်အစိုးရက အကူအညီပေးရန် မေတ္တာရပ်ခံခဲ့ကြောင်း၊ မျိုးသုဉ်းသတ်ဖြတ်ခြင်းကို ဝါရှင်တန်က ဂရုတစိုက် တာဝန်သိစွာဖြင့် ကာကွယ်မည်ဖြစ်ကြောင်း အိုဘားမားက ပြောသည်။

အိုင်အက်စ် တိုက်ခိုက်ရေးသမားများသည် ဘဂ္ဂဒက်ကို ခြိမ်းခြောက်ခဲ့လျှင် သို့မဟုတ် အမေရိကန်သံတမန်များနှင့် စစ်ဘက်အကြံပေးများ၏ အရေးပါသော ကာ့ဒ်မြို့တော် အိုင်ယာဘီလ်သို့ ချီတက်ခဲ့လျှင် ၎င်းတို့ကို ပစ်မှတ်ထား၍ အမေရိကန်က လေကြောင်းမှ တိုက်ခိုက်မည်ဖြစ်ကြောင်း အိုဘားမားက ပြောသည်။

ဆက်လက်၍ စင်ဂျာတောင်ကို ဝန်းရံထားသော စစ်သွေးကြွများကို ဖြိုခွင်းသည့် အီရတ်အစိုးရတပ်ဖွဲ့များအား လိုအပ်လျှင် ကူညီရန်နှင့် ပိတ်မိနေသော အရပ်သားများအား ကယ်ဆယ်ရန် အမိန့်ပေးထားကြောင်း ပြောကြားသည်။ တစ်ခုတည်းသော နောက်ဆုံးအဖြေမှာ လူမျိုးစုများအကြား ပြန်လည်စည်းလုံး ညီညွတ်ရေးနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ ပိုမိုအင်အားတောင့်တင်းလာခြင်းပင် ဖြစ်သည်ဟု ဆိုသည်။ **ဘီဘီစီ။**

အီဘိုလာရောဂါ ပျံ့နှံ့ကူးစက်မှု ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကြေညာ

ဂျီနီဗာ ဩဂုတ် ၈

အနောက်အာဖရိကဒေသတွင် ပျံ့နှံ့ဖြစ်ပွားနေသော အီဘိုလာရောဂါသည် နိုင်ငံတကာကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ တစ်ရပ်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ဩဂုတ် ၈ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

၎င်းရောဂါကူးစက်ပျံ့နှံ့မှု ရပ်ဆိုင်းသွားစေရေးနှင့် ကျဆင်းသွားစေရေးအတွက် နိုင်ငံတကာ ညှိနှိုင်းပူးပေါင်း တုံ့ပြန်မှုများ မရှိမဖြစ်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်သူများစုစည်းပြီး ဆွစ်ဇာလန်နိုင်ငံတွင် နှစ်ရက်ကြာ ကျင်းပခဲ့သော အရေးပေါ် အစည်းအဝေးအပြီး၌ ယင်းကြေညာချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

၂၀၁၄ ခုနှစ်အတွင်း လတ်တလောအချိန်အထိ အနောက်အာဖရိကဒေသတွင် အီဘိုလာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် သေဆုံးသူဦးရေမှာ ၉၃၀ ကျော်ခဲ့ပြီဖြစ်သည်။

အီဘိုလာရောဂါ ကူးစက်ပြန့်ပွားမှုမှာ သာမန်ထက်လွန်ကဲသော ဖြစ်ရပ်ဟု ကုလသမဂ္ဂ ကျန်းမာရေးအေဂျင်စီက ပြောကြားသည်။

အနောက်အာဖရိကဒေသတွင်း နိုင်ငံများဖြစ်သည့် ဂီယာနာ၊ လိုက်ဘေးရီးယား၊ နိုက်ဂျီးရီးယားနှင့် ဆီယာလီယွန်တို့တွင် ရောဂါကူးစက်ခံရသူဦးရေ ၁၇၀၀ ကျော်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ **ဘီဘီစီ။**

အာဖရိကတိုက်အနောက်ပိုင်းဒေသတွင် အီဘိုလာဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

သေအတူ ရှင်မကွာ



ဘာကာဖီးလ်(အမေရိကန်ပြည်ထောင်စု) ဩဂုတ် ၈

သေအတူ ရှင်မကွာ ပေါင်းရပါစေသားဟု ဘုရားထံပါးတွင် ဆုတောင်းကြသည်မှာ ချစ်ကြသူတိုင်းအတွက် မမေ့မလျော့ကြသော ဓလေ့တစ်ခုဖြစ်သည်ဟုဆိုလျှင် မှားမည် မဟုတ်ပါ။

ထိုဆုတောင်းပြည့်ခဲ့ကြသူ ချစ်သူနှစ်ဦးကတော့ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဘာကာဖီးလ်မှ မစ္စတာ ဒွန်နှင့် မစ္စဆင်ဆွန်တို့ဇနီးမောင်နှံ ဖြစ်ကြသည်။

အသက်(၉၀)နှစ် မစ္စတာဒွန်နှင့် အသက်(၈၇)နှစ် မစ္စမဇင်တို့သည် အိမ်ထောင်သက်တမ်း (၆၂)နှစ်နီးပါးတိုင်အောင် မကွဲမကွာ ချစ်ခဲ့ကြရသည်ဟု ဆိုရမည်ဖြစ်သည်။

၎င်းတို့နှစ်ဦးသည် ကပ်ထားသောခုတင်နှစ်လုံးပေါ်တွင် လဲလျောင်းကာ တစ်ဦးနှင့်တစ်ဦး လေးနာရီသာခြား၍ ကွယ်လွန်ခဲ့ကြသည်။ ၎င်းတို့၏ နောက်ဆုံး အချိန်တွင် တစ်ဦးလက်တစ်ဦး ဆုပ်ကိုင်၍ မရဏမင်းကို စောင့်ဆိုင်းခဲ့ကြသည်။

ဇူလိုင် ၂၁ရက်နေ့ နံနက်ပိုင်းတွင် အဘွားက အရင်သေဆုံးခဲ့သည်။ ၎င်း၏ ရုပ်အလောင်းကို အခန်းအပြင်ဘက်သို့ ရွှေ့ပြောင်းပြီးနောက် မကြာမီ အဘိုးလည်း သေဆုံးခဲ့သည်ဟု မြေးဖြစ်သူ ဖိလစ်ဆာဆလိုယန်က ပြောသည်။

"အဘိုးဒွန်ရဲ့ဆန္ဒက အလွန်လှတဲ့ သူ့ရဲ့ဇနီးနဲ့ အတူရှိနေချင်တာ၊ အဘိုးကလေ အဘွားကို အတော့်ကို ချစ်တာ၊ ကမ္ဘာကြီးအဆုံးစွန်ရောက်သွားအောင်ချစ်တာ"ဟု ကီဂို ရုပ်သံလိုင်းကို ပြောခဲ့သည်။ ၎င်းတို့နှစ်ဦးသည် ၁၉၅၂ ခုနှစ်တွင် ဘာကာဖီးလ်ရှိ ဘိုလင်းကွင်း၌ တွေ့ဆုံ မေတ္တာမျှခဲ့ကြပြီး ထိုနှစ်တွင်ပင် လက်ထပ်ခဲ့ကြသည်။

ဒွန်က မြို့ပြအင်ဂျင်နီယာတစ်ဦးဖြစ်၍ အမေရိကန်ကြည်းတပ်အတွက် အလုပ်လုပ်ခဲ့သည်။ ဂျာမနီနိုင်ငံ၌ နှစ်အတန်ကြာ နေထိုင်ခဲ့ကြပြီး မိဘမဲ့ကလေးများဂေဟာမှ ၁၈လသား အမြွှာညီအစ်ကိုနှစ်ဦးကို မွေးစားခဲ့ကြသည်။

ထို့နောက် ဘာကာဖီးလ်သို့ပြန်လာကာ မစ္စမဇင်က သူနာပြုဆရာမအဖြစ် လုပ်ကိုင်ပြီး မစ္စတာဒွန်က ကိုယ်ပိုင်အင်ဂျင်နီယာကုမ္ပဏီထူထောင်ခဲ့သည်။

၎င်းတို့ ကွယ်လွန်ချိန်တွင် သားတစ်ဦးနှင့် မြေးငါးဦး ကျန်ခဲ့သည်။ **ဘီဘီစီ။**

မွမ်ဘိုင်းမြို့တွင် ဟိုတယ်တစ်လုံးမီးလောင်

မွမ်ဘိုင်း ဩဂုတ် ၈

အိန္ဒိယနိုင်ငံ နဗီမွမ်ဘိုင်းဗားရှီးဒေသရှိ ဟိုတယ်တစ်လုံး ဩဂုတ် ၈ ရက် နံနက်စောစောပိုင်းက မီးလောင်ကြောင်း၊ တစ်ဦးသေဆုံး၍ ၃၀ ခန့်ဒဏ်ရာရရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဒဏ်ရာရသူများအား နဗီမွမ်ဘိုင်းမြူနီစီပယ်ဆေးရုံတွင် ကုသပေးလျက်ရှိပြီး ၂၀ ခန့် ဒဏ်ရာအလွန်ပြင်းထန်ကြောင်း၊ ဟိုတယ်ဝမ်တန်ဟောက်စ်အမည်ရှိ ဟိုတယ်၏သုံးလွှာတွင် မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ လျှပ်စစ်ပိုင်းဆိုင်ရာ ပြဿနာကြောင့်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းဟိုတယ်တွင် နိုင်ငံခြားသားများလာရောက်တည်းခိုနေချိန်၌ မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်းနှင့် မီးသတ်ကား ရှစ်စီးရောက်ရှိလာပြီး လေးနာရီကျော်ကြာ မီးငြိမ်းသတ်ရကြောင်း နဗီမွမ်ဘိုင်းမြူနီစီပယ်အဖွဲ့က ပီတီအိုင်သတင်းဌာနသို့ ပြောကြားသည်။ **ပီတီအိုင်။**

အာဖဂန်တွင် လမ်းဘေးဗုံးပေါက်ကွဲ

လက်ရှ်ကာဂါ့ချ် ဩဂုတ် ၈

အာဖဂန်နစ္စတန်တောင်ပိုင်း ဟဲလ်မန့်ပြည်နယ် ဆန်ဂျင်းခရိုင်တွင် ဩဂုတ် ၈ ရက်က ခရိုင်အုပ်ချုပ်ရေးမှူး ဆေရက်ဒ်ဆူလီမန်ရှိတ်ချ် စီးနင်းလိုက်ပါလာသောကားကို လမ်းဘေးထောင်ဗုံးတစ်လုံး ထိမှန်ရာ လူအချို့သေဆုံး၍ အချို့ဒဏ်ရာရခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

နံနက် ၉ နာရီခန့်တွင် ဆန်ဂျင်းခရိုင် ဆာဝမ်ဒေသရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်သို့ စုံစမ်းစစ်ဆေးရေး တာဝန်ဖြင့် သွားရောက်သော ခရိုင်အုပ်ချုပ်ရေးမှူးနှင့် စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦး၏ ကားကို အဆိုပါလမ်းဘေးဗုံးထိမှန်ခြင်းဖြစ်ကြောင်း၊ စစ်သွေးကြွများက ဗုံးထောင်ထားခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်ကြောင့် ယင်းကားပေါ်ပါသူများနှင့် အနီးရှိ လူအချို့ သေဆုံးမှု၊ ဒဏ်ရာရမှုများဖြစ်ရကြောင်း ဆေးရုံတွင်ကုသမှုခံယူနေသည့် ဆန်ဂျင်းခရိုင်အုပ်ချုပ်ရေးမှူး ဆေရက်ဒ်ဆူလီမန်ရှတ်ချ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆင်ဟွာ။

မြိတ်မြို့တွင် မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးရန် စတင်စမ်းသပ်

မြိတ် ဩဂုတ် ၈

မြိတ်ခရိုင်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအား နီပေါနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့် ဆေးပညာရှင်များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ မျက်စိအထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် အခမဲ့ခွဲစိတ်ကုသပေးရေးအတွက် ခွဲစိတ်ရမည့် ဝေဒနာရှင်များကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက မြိတ်ပြည်သူ့ဆေးရုံကြီးတွင် စတင်စမ်းသပ်စစ်ဆေးလျက်ရှိသည်။**(ယာပုံ)**

အဆိုပါ မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးရေးအတွက် ခွဲစိတ်ကုသရန် အသက်(၁၅) နှစ်နှင့်အထက် ဝေဒနာရှင်များအား ဩဂုတ် ၇ ရက်မှ ၁၀ ရက်အထိ မြိတ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်း၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ သူနာပြုများက ဝေဒနာရှင်များကို စမ်းသပ်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြိတ်ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင် အသက်(၁၅)နှစ်နှင့် အထက် မျက်စိအတွင်းတိမ်ဝေဒနာရှင်များကို စမ်းသပ်စစ်ဆေးပြီး ခွဲစိတ်ရမည့် ဝေဒနာရှင်များအား ဩဂုတ် ၁၄ ရက်မှ ၁၇ ရက်အတွင်း ခွဲစိတ်ကုသပေးသွားမည်ဖြစ်သည်။ ခွဲစိတ်ကုသပေးသည့်နေ့များတွင် နယ်ဝေးမြို့နယ်များနှင့် မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဝေဒနာရှင်များအား မြိတ်မြို့တပ်ပြင်ရပ် လှည်းဘီးပရိယတ္တိစာသင်တိုက်တွင် နေထိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ခွဲစိတ်ကုသသည့် လူနာများအပြင် စောင့်ရှောက်မည့်သူများ နေထိုင်ရေး၊ စားသောက်ရေးနှင့် ခွဲစိတ်ကုသသည့် လူနာများ သယ်ယူပို့ဆောင်ရေးကို ပြည်ဖြိုးထွန်းကုမ္ပဏီမှ တာဝန်ယူကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(မြန်/ဆက်)

အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

တောင်ငူ ဩဂုတ် ၈

နိုင်ငံတော်သမ္မတ၏ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်ခြင်း (Third Wave) အစီအစဉ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေး သင်တန်းကျောင်း အမှတ်(၁) နန်းချွန်၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူးကိုယ်စား စီမံကိန်းနှင့် စာရင်းအင်းဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးဝေကြိုင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့) ဒုတိယအထွေထွေမန်နေဂျာ ဦးမန်းဝင်းတင်က တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သည့် ဝန်ထမ်းသားသမီးများအား ဆုများပေးအပ်ချီးမြှင့်သည်။ သင်တန်းဖွင့်ပွဲသို့ လေ့ကျင့်ရေး သင်တန်းကျောင်း အမှတ်(၁) နန်းချွန်ကျောင်းအုပ်ကြီး ဦးခင်မောင်တင်၊ သင်တန်းကျောင်းဝန်ထမ်းများနှင့် သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။ **(၁၂၉)**

တောင်သူများအတွက် ဒေသနှင့်ကိုက်ညီသည့် ရေမြုပ်ခံစပါးမျိုး သိပ္ပံနည်းကျစိုက်ပျိုး

တနင်္သာရီ ဩဂုတ် ၈

ဒေသခံတောင်သူများ မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ မျိုးသန့်ပြန့်ပွားရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို လိုက်နာကျင့်သုံးခြင်းအားဖြင့် အထွက်နှုန်းတိုး၍ တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေး ရည်ရွယ်လျက် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် အရှေ့မော်တုန်းကျေးရွာအုပ်စု မြို့ဟောင်းကုန်းရွာ တောင်သူ ဦးမဲတုံး၏ ဒဲလိပ်ကွင်း ကွင်းအမှတ်(၄၅၆) ဦးပိုင်အမှတ် (၃၁/၁) လယ်မြေ ခြောက်ဧကတွင် ဩဂုတ် ၅ ရက် နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပုလဲသွယ် အထူးအထွက်တိုး စပ်မျိုးစပါးနှင့် ဒေသနှင့်ကိုက်ညီသည့် ရေမြုပ်ခံမျိုးကောင်းမျိုးသန့် စပါးမျိုးများအား သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် လက်တွေ့ချက်ချင်းနှုတ် ချက်ချင်းစိုက်ပျိုးပွဲ ကျင်းပခဲ့သည်။

စိုက်ပျိုးပွဲ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးနိုင်လင်းစိုးက ယခင်နှစ်များ၌ မြစ်ရေလွှမ်းမိုးခြင်းကြောင့် စပါးမျိုးများ ပျက်စီးဆုံးရှုံးခဲ့ရခြင်း၊ မျိုးစပါး ထပ်မံရှာဖွေရခက်ခဲခြင်း၊ အချိန်ကုန် လုပ်ငန်းဖြစ်ရခြင်းများ တွေ့ကြုံခဲ့ရသဖြင့် ယခုနှစ်တွင် ဒေသနှင့် ကိုက်ညီသည့် ရေမြုပ်ခံစပါးမျိုးများအား ရွေးချယ်၍ သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပါမှသာလျှင် အထွက်နှုန်းတိုး၍ ဝင်ငွေတိုးမည်ဖြစ်ကြောင်းဖြင့် ဒေသခံတောင်သူများအား ပညာပေးရှင်းလင်းပြောကြားပြီး တောင်သူများ သိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းပေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံ တောင်သူများ၊ ကောက်စိုက်သမားများ စုပေါင်းလျက် ပုလဲသွယ်အထူးထွက်တိုးစပ်မျိုးစပါး နှစ်ဧကနှင့် ဒေသနှင့်ကိုက်ညီသည့်ရေမြုပ်ခံစပါးမျိုး လေးဧကအား သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် တပျော်တပါးစိုက်ပျိုးကြကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)

စည်းကမ်းမဲ့ အမှိုက်စွန့်သူအချို့ကို ခရိုင်ပူးပေါင်းရေးအဖွဲ့ ဖမ်းဆီးဒဏ်ရိုက်မည်

ရန်ကုန် ဩဂုတ် ၈

တိုက်ကြိုတိုက်ကြား ရေမြောင်းများနှင့် မီးရထားသံလမ်းနေရာများအား စည်ပင်သာယာအမှိုက်ကန်သဖွယ် လူမသိသူမသိ ပုန်းလျှိုးပြီး စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူအချို့ကို မြို့ပြစည်းကမ်းနှင့်အညီ စည်ပင်သာယာ ခရိုင်ပူးပေါင်းရေးအဖွဲ့များက ဩဂုတ် ၆ ရက် နောက်ပိုင်းမှစ၍ ဖမ်းဆီးအရေးယူဒဏ်ရိုက်သွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်ခရိုင်ချုပ်ရုံး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူအချို့ကို ဖမ်းဆီးအရေးယူဒဏ်ရိုက်မှုနှင့် ပတ်သက်၍ ပြောကြားရာတွင် ယနေ့ ရန်ကုန်မြို့တော်အဆင့်မြှင့်တင်ရေး လုပ်ငန်းများတွင် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ခရိုင်၊ မြို့နယ်အလိုက် ခေတ်မီအပေါ့စား အမှိုက်ပုံးများ၊ ရွေ့လျားအမှိုက်ပုံးများ၊ အမှိုက်ကန်များနှင့် အုတ်အမှိုက်ကန်များအား မြို့နယ်အလိုက် စနစ်တကျ ချထားသော်လည်း အချို့သော ပြည်သူများသည် အပေါ့စား ရွေ့လျားအမှိုက်ပုံးများ၌ စီးပွားဖြစ်အမှိုက်များ၊ အိမ်တွင် အသုံးမလိုသော မွေ့ယာများ၊ ဖျာစုတ်များ စသည်တို့ကို စွန့်ပစ်ကြသည်။ ထို့အပြင် အိမ်ထွက်အမှိုက်နှင့် မီးဖိုချောင်ထွက် အမှိုက်များအား သတ်မှတ်ပြုလုပ်ပေးထားသော်လည်း အမှိုက်ကန်များ၌ စနစ်တကျစွန့်ပစ်ခြင်းမရှိဘဲ တိုက်ကြိုတိုက်ကြား ရေမြောင်းများနှင့် မြို့ပတ်မီးရထားသံလမ်း၊ မြစ်ထွက်ပေါက်နေရာတို့တွင် စည်ပင်သာယာအမှိုက်ကန်သဖွယ် စွန့်ပစ်မှုတို့သည် ယခင်ကထက် ပိုမိုများပြားလာသဖြင့် မိုးရွာချိန်၌ မြို့ပြလမ်းများ ရေကြီးရေလျှံသက်သာစေရန် ဖမ်းဆီးအရေးယူဒဏ်ရိုက်ခြင်းများကို ယခုလို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်တာဝန်ရှိသူ စီမံရေးရာဌာန ဒုတိယဌာနမှူး ဦးညီညီဦး၏ပြောပြချက်အရ သိရသည်။ **(စောသိန်းဝင်း)**

ကျိုက်ထီးရိုးဒေသတွင် မိုးကာအင်္ကျီအပါးများ အများဆုံးရောင်းနေရ

ရန်ကုန် ဩဂုတ် ၈

ကျိုက်ထီးရိုးစေတီတော် ဒေသတစ်ဝိုက်တွင် ယခုရက်ပိုင်းအတွင်း မိုးကာအင်္ကျီများ အများဆုံးရောင်းနေရကြောင်း သိရသည်။**(အပေါ်ပုံ)**

ယခုကာလသည် မိုးတွင်းကာလဖြစ်သလို ဘုရားဖူးလာရောက်သူများရှိခြင်းကြောင့် တောင်တက်ကားစီးနင်းရင်း မိုးရေမစိုစေရန် ဝယ်ယူကြရာမှ မိုးကာအင်္ကျီများ၏ ရောင်းချမှုအခြေအနေသည် အရောင်းသွက်လာခဲ့သည်။

"ကမ္ဘာလှည့်ဧည့်သည်တွေလည်း ဝယ်ကြတယ်။ တောင်တက်ကားစီးနင်းရင်းထီးဆောင်းဖို့ကလည်း မဖြစ်နိုင်သလို မိုးတအားသည်းတဲ့အခါ ထီးဆောင်းထားလည်း အဆင်မပြေတော့ မိုးကာအင်္ကျီတွေကိုပဲ ဝယ်ဝတ်ကြရပါတယ်။ ဈေးနှုန်းအားဖြင့် တစ်ထည်မှ ဘာမှရှိတာမဟုတ်ဘူးလေ" ဟု ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။

ထိုမိုးကာအင်္ကျီတစ်ထည်လျှင် ငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချခြင်းဖြစ်ပြီး ကင်ပွန်းစခန်းတစ်ဝိုက်နှင့် တောင် တက်ကားဂိတ်အနီးတစ်ဝိုက်တို့တွင် လိုက်လံရောင်းချလျက်ရှိကြောင်း သိရသည်။ မိုးကာအင်္ကျီများသည် ပါးလွှာလျက်ရှိသော်လည်း ပေးရသည့်ငွေကြေးနှင့် တွက်ကြည့်ပါက မပြောပလောက်သော အခြေအနေမျိုးဖြစ်ခြင်းကြောင့် ဝယ်ယူသူများပြားခဲ့ကြောင်း သိရသည်။

"အဘွားတို့က ဒါရောင်းတာ သိပ်မမြတ်ပါဘူး။ တစ်ထည်မှ ငွေ ၁၀၀ လောက်ပဲကျန်တာပါ။ ဒီလို မိုးတွင်းကာလလောက်ပဲရောင်းရတာ။ မိုးတွင်းကာလမှာတောင်မှ ခရီးသွားနည်းရင် သိပ်မရောင်းရဘူး" ဟု မိုးကာအင်္ကျီများ ရောင်းနေသူတစ်ဦးက ရှင်းပြခဲ့သည်။

(၆၈၀)

ကျိုက်ထိုတွင် ရထားလမ်းချော်မှုဖြစ်ပွား

ကျိုက်ထို ဩဂုတ် ၈

ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက် မွန်ကျောင်းဘုန်းကြီးကျောင်းရှေ့ ကျိုက်ထိုဘူတာနှင့် ဘီးလင်းမြို့နယ် မရမ်းကုန်းဘူတာအကြား ရထားလမ်းမိုင်တိုင်အမှတ် (၉၉/၁) နှင့် (၉၉/၃) အကြားတွင် ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ဘက်မှထွက်ခွာလာသော အမှတ်(၁၈) အစုန် မော်လမြိုင်-နေပြည်တော် လူစီးအမြန်ရထား စက်ခေါင်းအမှတ် DF 1256 စက်ခေါင်းမောင်းဦးမျိုးညွန့်နှင့် ရထားထိန်းဦးမျိုးလွင်တို့ မောင်းနှင်လာသော ရထား၏ BBEZ-10562 ဘီးအမှတ်(၃)နှင့် (၄)သည် လမ်း၏ အပြင်ဘက်သို့လည်းကောင်း၊ ဘီးအမှတ် (၅) နှင့် (၆)သည် အတွင်းဘက်သို့လည်းကောင်း လမ်းချော်ကျမှု ဖြစ်ပွားခဲ့ရာ **(အပေါ်ယာပုံ)** လူနှင့် တိရစ္ဆာန်၊ ပစ္စည်းထိခိုက်ဆုံးရှုံးမှု မရှိကြောင်း သိရသည်။

အဆိုပါ ရထားလမ်းချော်တွဲကို စက်ခေါင်းမောင်း ဦးမျိုးညွန့်နှင့် ရထားထိန်း ဦးမျိုးလွင်တို့က ရထားမှ ဖြုတ်ချကာ ချော်ကျသည့် ဘီးများကို သံလမ်းပေါ်သို့ မတင်ရန်နှင့် တွဲအား ကျိုက်ထိုဘူတာသို့ ပြန်လည်ဆွဲယူထားရှိရန် စီစဉ်ဆောင်ရွက်ပြီး ၁၁ နာရီ ၅ မိနစ်တွင် အဆိုပါရထားသည် ရထားလမ်းချော်သည့်နေရာမှ နေပြည်တော်သို့ ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာသွားကြောင်းနှင့် လမ်းချော်မှုကြောင့် အခြားရထားများ စောင့်ဆိုင်းနေရခြင်း မရှိကြောင်းသိရသည်။ **ဝင်းမောင်(မြန်/ဆက်)**

မူးယစ်အန္တရာယ်ပပျောက်ရေး ဝိုင်းဝန်းညီညာ ဆောင်ရွက်ပေး

မန်စီမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅၀ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၈

ဩဂုတ် ၆ ရက်တွင် မန်စီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မန်စီမြို့နယ် ဟန်ထက်ကျေးရွာ မင်းမနိုင်ရပ်ကွက်နေ မမြင့်မြင့်ဝေ၏ နေအိမ်အား ရှာဖွေရာ နေအိမ်အိပ်ခန်းရှိ လက်ဆွဲခြင်းအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅၀ နှင့် မူးယစ်ဆေးဝါးရောင်းချရငွေ ကျပ် ၇၈၀၀၀ တို့အား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ မန်စီမြို့နယ် ဟန်ထက်ကျေးရွာတွင်တွေ့ရှိသူ ရှမ်း-ဗမာ အမျိုးသားတစ်ဦးထံမှ ဝယ်ယူခဲ့ပြီး သုံးစွဲရောင်းချရာမှ ကျန်ရှိသောပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် မြင့်မြင့်ဝေ (၄၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပင်လောင်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၇၆၀ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၈

ဩဂုတ် ၄ ရက်တွင် ပင်လောင်း အမှတ်(၂၆)မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပင်လောင်းမြို့နယ် ရင်းမိုးပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ပင်လောင်းဘက်မှ ဖယ်ခုံဘက်သို့ မောင်ဦးမောင်နှင်းလာသည့် ဆိုင်ကယ်အား ရှာဖွေရာ ဆိုင်ကယ်ကိုယ်ထည်အတွင်း သို၀ှက်သယ်ဆောင်လာသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၇၆၀၊ တစ်ပြားလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၂၉၂၈၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများမှာ နမ့်စန်မြို့နယ် လိုက်ခါးကျေးရွာနေ ဖရားမောင်ဆိုသူက ပင်လောင်း-ညောင်ရွှေ-တုန်ဟုန် ကားလမ်းပေါ်ရှိ ကျောက်တစ်လုံးလမ်းခွဲအနီးသို့ ချိန်းဆိုပြီး ဖယ်ခုံမြို့ နယ် ဟန်းဘူးကျေးရွာသို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တရားခံမောင်ဦးနှင့် ဖရားမောင်(ခ)ဦးမောင် (ဖမ်းမမိသေး)တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လိုက်မြို့နယ် မော်ကူးကျေးရွာအုပ်စု၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

မော်လိုက် ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မြို့နယ်ရဲမှူး ရဲမှူးစိုးဝင်း အနီးကပ် ကြီးကြပ်လျက် ရဲအုပ်မျိုးမြင့်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ မော်ကူးကျေးရွာအုပ်စု ရေဝင်တောရှိ တင်မောင်ပြူး(ခ)တင်မောင်ဝင်း၏ နေအိမ်အား ဩဂုတ် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက သတင်းအရ ဝင်ရောက်ရှာဖွေရာ မော်လိုက်မြို့နယ် စွယ်တော်ရပ်ကွက်နေ ဧပရယ်မင်းထက်နှင့် ဖဲကဇက်ကျေးရွာနေ အောင်လင်းတို့အား တွေ့ရှိ၍ ရှာဖွေဖမ်းဆီးစစ်ဆေးရာ ဘိန်းဖြူဟုယူဆရသော မူးယစ်ဆေးဝါး စုစုပေါင်း ၁ ဒသမ ၇၆၈ ဂရမ် သိမ်းဆည်းရမိကြောင်း သိရသည်။ **ကျော်ပွား(မော်လိုက်)**

တာမွေမြို့နယ်၌ တရားမဝင် လေသေနတ်များ သိမ်းဆည်းရမိ

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်မြို့ တာမွေမြို့နယ်တွင် ယမန်နေ့က တရားမဝင်လက်ဝယ်ထားရှိသော လေသေနတ် အတို၊ အရှည်စုစုပေါင်း ၁၀၄ လက်ကို သိမ်းဆည်းရမိခဲ့သဖြင့် ပိုင်ရှင်အား အမှုဖွင့်အရေးယူထားသည့် ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မဒါနလမ်းရှိ အိမ်တစ်အိမ်တွင် ဂိုဒေါင်နှင့်သီးသန့်အခန်းများ အတွင်း တာဝန်ရှိသူများဝင်ရောက်ရှာဖွေရာ သံဘောစေ့ဖြင့် ပတ်ခတ်၍ရသော လေသေနတ် Air Gun အတိုခြောက်လက်၊ အရှည်နှစ်လက်၊ ကော်စေ့ဖြင့်ပစ်ခတ်၍ရသော Air Soft Gun သေနတ်အတို ၁၀ လက်၊ အရှည် ၈၆ လက် စုစုပေါင်း လေသေနတ်အတို ၁၆ လက်၊ အရှည် ၈၈ လက်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါလက်နက် ၅၀ ခန့်ကို နီးစပ်ရာပုဂ္ဂိုလ်များသို့ ရောင်းချထားကြောင်း သိရပြီး ပိုင်ရှင်ဖြစ်သူ ဦးထွဋ်ဟန်အား လိုင်စင်မဲ့သေနတ်များနှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ခြင်းပြုလုပ်မှုဖြင့် တာမွေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကော်စေ့ထည့်၍ ပစ်ခတ်ရသည့် Air Soft Gun သေနတ်များ။

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော လက်နက်ကိုင်ဆောင်ရေးမူအရ လေသေနတ်များသည် လိုင်စင်ဖြင့်သာ ကိုင်ဆောင်ခွင့်ပြုသောသေနတ်များဖြစ်ကြောင်း၊ လိုင်စင်ဖြင့်ကိုင်ဆောင်ခွင့်ကို ပြည်ထဲရေးဝန်ကြီးဌာနသို့တင်ပြ လျှောက်ထားမှုအပေါ် စိစစ်ခွင့်ပြုချက်ရမှသာ ကိုင်ဆောင်နိုင်ခွင့်ရှိကြောင်း၊ ယခုသိမ်းဆည်းရမိသော လေသေနတ်များသည် လိုင်စင်မဲ့များ ဖြစ်သည့်အပြင် တရားဝင်တင်သွင်းခွင့်မပြုထားသော အကောက်ခွန်မဲ့ ပစ္စည်းများဖြစ်ကြောင်း၊ ထို့အပြင် လက်နက်များသည် ကျည်စစ်ကျည်မှန်ဖြင့် ပတ်ခတ်ရသော ပကတိသေနတ်များနှင့် လုံးဝခွဲမရအောင် တူညီသောလက်နက်များဖြစ်သဖြင့် အယောင်ဆောင်၍ ပြစ်မှုကျူးလွန်နိုင်သော အန္တရာယ်ရှိနေကြောင်း၊ သံဘောစေ့ဖြင့် ထည့်သွင်းပစ်ခတ်ရသော လက်နက်များသည် အနီးကပ်ပစ်ခတ်ပါက အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ကြောင်း၊ သို့ဖြစ်၍ လေသေနတ်များ လက်ဝယ်ရှိသူများ အနေဖြင့် နီးစပ်ရာရဲစခန်းများသို့ အမြန်ဆုံးအပ်နှံကြရန်နှင့် အပ်နှံခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည် ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှသတင်းရရှိသည်။

(သတင်းစဉ်)

ချမ်းမြသာစည်၌ မီးလောင်မှုဖြစ်ပွား



မန္တလေး ဩဂုတ် ၈

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဆ(၁)ရပ်ကွက် ချမ်းမြသာစည်မြို့နယ် အားကစားကွင်းမြောက်ဘက် ညီညွတ်ရေးလမ်းကြား (၇၂) လမ်းနှင့် (၇၃) လမ်းကြားနေ ပိုင်ပိုင်(ခ)ကိုပိုင်စိုးသူ(၂၇)နှစ်နေထိုင်သော သွပ်မိုး၊ ထရံကာ နှစ်ထပ်၊ နှစ်ခန်း၊ သုံးခန်း အိမ်အပေါ်ထပ်၌ ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က Led မီးတိုင်ကို အားသွင်းရာမှ အပူချိန်လွန်ကဲ၍ နေအိမ်ကာရံထားသော ထရံအား မီးစွဲလောင်ခဲ့ပြီး ထိုမှတစ်ဆင့် တောင်ဘက်ကပ်လျက်ရှိသော ကိုကျော်ဝင်းဦး(ခ)ကိုငယ်လေး၏ သွပ်မိုး၊ ထရံကာ တစ်ထပ်နေအိမ်ကို မီးကူးစက်လောင်ကျွမ်းကာ တောင်ဘက်ကပ်လျက်ရှိသော ဦးတင်အောင်၏ နှစ်ထပ်တိုက်အပေါ်ထပ်သို့ ဆက်လက်မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် အိမ်သုံးလုံးမီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မူးယစ်ကိုပစ်၊ တေးကိုချစ်

"Turn on Music, Turn off Drug"

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ဝေ (ဘ)ဦးသိန်းဖေ၏ နိုင်ငံကူးလက်မှတ် MA-249917 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၅၀၆၅၅၅

မဟာဗန္ဓုလလမ်းမပေါ်-မြေညီတိုက်ခန်းကျယ် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- ပေ(၂၅×၅၀) လမ်းမတော်မြို့နယ်။
- မဟာဗန္ဓုလလမ်းမပေါ်
- ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်၊ ပွဲစားမလိုပါ။
- ရောင်းဈေးကျပ်(၁၂၀၀၀) သိန်း(ညှိနှိုင်း)
- ဖုန်း-၀၉-၅၀၇၈၃၄၁(နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဆက်သွယ်ပါ။)

ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်ခင်ကြွယ်ဦး၊ ၁၂/ကမရ(နိုင်)၀၂၄၁၂၇၊ ၏ ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၄၃၀၅၆၂၂၇

အသိပေးကြော်ငြာခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ၁-၈-၂၀၁၄ ရက်တွင် ကြော်ငြာခဲ့သော Trollergy နှင့် Drilling Machine များ ဝယ်ယူမည့် တင်ဒါကြော်ငြာအား ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်း

ကော်မတီ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်

ကျေးလက်ဒေသ

ဖွံ့ဖြိုးရေးဝန်ကြီးဌာန



sky view
condominium
Feel it ! See it ! & Believe it !
ဘာကြောင့်ရွေးချယ်သင့်သလဲ...?
Bored Pile Foundation
Card System
Schindaler
CCTV Security Camera Control Room ။
Rooftop
Mini Play ground
Private Party
Condominium ။
Location Map
Early-Bird Sales LEFT 6-ROOMS ONLY
Bored Pile
Since - 1999
Hot Line: 09 - 8623885, 09 - 5502089, 09 - 8641338
SHAN STAR
SHOW ROOM
No.33(A), Corner of Moe Kaung Pagoda Road & Baukhtaw Station Road, Yankin Township,
Yangon. Ph : 95 - 1 - 543045, 95 - 1 - 542436.

- ရန်ကုန်မြို့တော်၏ အဓိကအသွားအလာများသည့်ပြည်လမ်းမကြီးပေါ်၊ ရပ်ကွက်တွင် စားသောက်ဆိုင်များ ရှိခြင်း၊ နိုင်ငံခြား ရုံးခန်းများနှင့် သားဖွားဆေးရုံ လက်လှမ်းမီသော ဘိုးတော်ဆိုင်အနီး တွင် တည်ဆောက်ထားခြင်း
- ရန်ကုန်မြို့တွင်းနှင့် ရန်ကုန်လေဆိပ်သို့ လွယ်ကူစွာ သွားလာနိုင်ခြင်း
- ရန်ကုန်မြို့တော်၏ Second Downtown (CBD)တွင် တည်ရှိပြီး အဖြစ်အပျက်များနှင့် မိနစ်အနည်းငယ်အတွင်း အဆင်ပြေစွာ ရောက်ရှိနိုင်ခြင်း
- လေဝင်လေထွက်ကောင်းမွန်သော Cross Ventilation ရရှိခြင်း ၊ အခန်းတိုင်းအတွက် သုံးဖက်သုံးတန်မှ အလင်းရောင်နှင့် လေဝင်လေထွက်ရရှိနိုင်အောင်ဖွဲ့စည်းထားခြင်း
- အခန်းတိုင်းအတွက် သီးသန့် Car Parking အပြင် လုံလောက်သော Guest Parking ထားရှိပေးထားခြင်း

Promotion ကာလ အနေဖြင့် စတင်သည့်နေ့ မှ သီတင်းကျွတ် လပြည့်နေ့ (8/10/2014) အထိ အထူး လျှော့ဈေး နှင့် ပေးချေ လက်ဆောင် ကံစမ်းမဲများကို ကွန်ဒိုအခန်း ဝယ်ယူသူတိုင်း အတွက် စီစဉ်ပေးထားကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဝယ်ယူသူများအတွက် အကောင်းဆုံး စီစဉ်ပေးထားသော (၂၄ လ) အရစ်ကျ ငွေပေးချေနိုင်ခြင်း ရောင်းချပေးနေပါပြီ

10/4 PYAY ROAD, 8-1/2 MILE, MAYANGONE TOWNSHIP

HOT LINE : 09254444034, 09254444233, ... mawrawadycondo@gmail.com
WEBSITE www.mawrawadycondo.com www.facebook.com/mawrawadycondo
SALE GALLERY 90 PYAY ROAD, 9 MILE AT AUNG THUKA STREET JUNCTION, MAYANGONE TOWNSHIP
DEVELOPED BY MAWRAWADY DEVELOPMENT GROUP

စစ်မှုထမ်းဟောင်း သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

ကျွန်းလှ၊ ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သား၊ သမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် နှစ်ပတ်လည်အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက စစ်မှုထမ်းဟောင်းရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်က ပညာသင်စရိတ်ထောက်ပံ့ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြီး ကျောင်းသား၊ ကျောင်းသူ အယောက် ၄၀ အတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ကျွန်းလှမြို့နယ်အနေဖြင့် နှစ်စဉ် စစ်မှုထမ်းဟောင်းဗဟိုမှ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ထောင်ပံ့ခြင်းကို မြို့နယ်အဖွဲ့ရန်ပုံငွေဖြင့် ထောက်ပံ့ပေးနိုင်ခြင်းဖြစ်ကြောင်း မြို့နယ်ဥက္ကဋ္ဌက ပြောသည်။

မျိုးဝင်းညို(ကျွန်းလှ)

စာမတတ်သူများကို 'အ' သုံးလုံး သင်တန်းများ ဖွင့်လှစ်သင်ကြား၍ စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်

မလှိုင်၊ ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ် ဝမ္မဲလူးကျေးရွာအုပ်စု၊ ရွာတန်းရှည် ကျေးရွာရှိစာမတတ်သူ လူလတ်ပိုင်းနှင့် အသက်ကြီးသူများကို ဩဂုတ် ၄ ရက်မှ စတင်၍ 'အ' သုံးလုံး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၃၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းဆရာမ ရှစ်ဦးကနေ့စဉ် သင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းသားများအတွက် လိုအပ်သည့် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် စာရေးကိရိယာများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ထားမူတို့က ထောက်ပံ့ပေးအပ်ခဲ့ပြီး၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးစောလွင်က သင်ရိုးညွှန်းတန်း စာအုပ်များကိုပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူသည်။

အလားတူ အဆိုပါနေ့ ညနေပိုင်းက သပြေပင်ကျေးရွာအုပ်စု၊ မြောက်ကုန်းကျေးရွာရှိ စာမတတ်သူ သက်ကြီးရွယ်အိုများနှင့် လူလတ်ပိုင်းများအတွက် 'အ' သုံးလုံးသင်တန်း ဖွင့်လှစ်ပေးခဲ့ရာ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက စာမတတ်သူ ပပျောက်ရေးအတွက် 'အ' သုံးလုံး သင်တန်းများ ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက သင်တန်းသားများအတွက် ဗလာစာအုပ်၊ ခဲတံနှင့် စာရေးကိရိယာများ၊ မြို့နယ် လ/ထပညာရေးမှူးက သင်ရိုးညွှန်းတမ်းစာအုပ်များကို ပေးအပ်သည်။

မြောက်ကုန်းကျေးရွာ 'အ' သုံးလုံး သင်တန်းတွင် သင်တန်းသူ ၂၇ ဦး တက်ရောက်လျက်ရှိပြီး အဆိုပါ သင်တန်းများကို မလှိုင်မြို့နယ် ပညာရေးဌာနနှင့် မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်ဌေး (မလှိုင်)

၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် မင်းဘူးရှိ လမ်း၊ တံတားဆောက်လုပ်ပြုပြင်ခြင်းလုပ်ငန်းများဆိုင်ရာ ရှင်းလင်း

မင်းဘူး၊ ဩဂုတ် ၈

မင်းဘူးမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမတွင် ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက မင်းဘူးမြို့နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် မင်းဘူးမြို့နယ်တွင်းရှိ လမ်း၊ တံတားတည်ဆောက်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအကြောင်း ရှင်းလင်းတွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် မင်းဘူးမြို့နယ် ဆောက်လုပ်ရေး လက်ထောက်အင်ဂျင်နီယာ ဒေါ်စောယုနွယ်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မင်းဘူး- မင်းလှကားလမ်းနှင့် ထနောင်းတော-အိုင်းမ ကားလမ်းအပိုင်း ပြုပြင်ရန်အကြောင်း ချပြရှင်း လင်းပြောကြားသည်။

လမ်းအထူးအဖွဲ့(၃)မှ လက်ထောက်အင်ဂျင်နီယာ ဒေါ်ယဉ်ယဉ်နွယ်က မင်းဘူးမြို့နယ် အတွင်းရှိ ပုသိမ် -မုံရွာလမ်းပိုင်း ပြုပြင်ဆောင်ရွက်မည့်အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ် ဦးအေးသူနှင့် စည်ပင်ကော်မတီဥက္ကဋ္ဌဦးအောင်အောင်တို့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်သူဗဟိုပြုဒေသန္တရ ဖွံ့ဖြိုးမှုစီမံကိန်းအတွက် မင်းဘူးမြို့တွင်းရှိ တုတ်ချောင်း တံတားအား အသစ်ဆောက်လုပ်ရေးတွက်ချက်ဆောင်ရွက်ပေးရန် တင်ပြဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးအေးသူ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သူစိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင့်လွင်၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

ကျော်ဇေယျ

သုံးခွမြို့၌ ဂုဏ်ထူးရကျောင်းသားများအား ဂုဏ်ပြု

သုံးခွ၊ ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာဖြင့် အောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဂုဏ်ထူးရကျောင်းသား ၊ကျောင်းသူ ၈၃ ဦး တို့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၉၉၀၀၀၀၊သုံးခွမြို့တစ်မြို့နယ်လုံး အောင်မြင်မှုရာခိုင်နှုန်း အမြင့်ဆုံးကျောင်းဖြစ်သော ပျဉ်းမကန်စံပြကျေးရွာ အခြေခံပညာအထတန်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမာလွင်ထံချီးမြှင့်ငွေကျပ် ငါးသိန်း၊ ကျောင်းပျက်ရက်မရှိဆရာ၊ ဆရာမများအားဆုငွေကျပ် နှစ်သိန်းတို့အား ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်း၊ သန်လျင်မြို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦး၊ သုံးခွမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီစော၊ မြို့နယ်ပညာရေးမှူးဦးမြင့်သိန်း နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား/သူများတက်ရောက်ခဲ့သည်။

ကြည်စိုးလွင်(သုံးခွ)

(၄-လ) အတွင်းကျွမ်းကျင်စွာပြောနိုင်ရမည်။
Quality Control Service တစ်တန်းတွင် (၁၀)ဦးသာ
English Speaking (4 Skills)
American Speaking
(Speaking only)
U Win Maw (P.E.S.)
-503492/516503

THE EXAMINATION GUIDE
(Grade-9)

ENGLISH
Conversation Practice
Sayar Yang
Great Wall
TAMWE - 540714, 09 5183636
09 49 285182

ဟသ်ာတခရိုင်၊အင်္ဂပူမြို့နယ်၌ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) လုပ်ငန်းဖွင့်ပွဲကျင်းပ

အင်္ဂပူ၊ ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ် အ.ထ.က ကျောင်း ငုရွှေဝါခန်းမတွင် ဩဂုတ် ၆ ရက် နံနက် ၉ နာရီက ကျောင်းပြင်ပ မူလတန်းပညာရေး NFPE ဖွင့်ပွဲ အခမ်းအနား ပြုလုပ်ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အင်္ဂပူမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်နှင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက် အကူပြု ပင်မဌာန၊ ကျောင်းပြင်ပ မူလတန်းပညာရေးကော်မတီမှ ဆရာကြီးဦးသန်းဌေးနှင့် ကျောင်းပြင်ပ မူလတန်းပညာရေး၊ ဧရာဝတီတိုင်းဒေသကြီး ကြီးကြပ်ရေးမှူး ဆရာကြီး ဦးသန်းဌေးတို့က အမှာစကားများပြောကြားကြသည်။

ကျောင်းပြင်ပ မူလတန်းပညာရေး၊ ဧရာဝတီတိုင်း ဒေသကြီးကြီးကြပ်ရေးမှူး ဆရာကြီး ဦးစိုးမြင့်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်တီတီက သင်တန်းရေးရာ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ ဇနီးဒေါ်မွှေးမွှေး မိသားစုမှ အလှူငွေကျပ် တစ်သိန်းနှင့် မြို့နယ်ပညာရေး မိသားစုမှ အလှူငွေကျပ် တစ်သိန်းငါးသောင်းအား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးကအခြေစိုက်စခန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများအား တာဝန်ပေး အပ်လွှာများပေးအပ်ပြီး စာတတ်မြောက်ရေး ဗဟို MLRCကျောင်းပြင်ပ မူလတန်းပညာရေး NFPE နှင့် မြို့နယ်အတွင်းရှိ ကျောင်းအသီးသီးမှ ကျောင်းသားကျောင်းသူများအား စာရေးကိရိယာများကို မြို့နယ်အတွင်းရှိအခြေစိုက်စခန်းခြောက်ခုမှ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ် အထောက်အကူပြုကော်မတီများ၊ အခြေစိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအသင်းဝင်များ၊ သင်တန်းဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၁၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းတွင် ဇူလိုင် ၁၈ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။ အဆိုပါမြို့နယ်အတွင်းရှိ (၅၅)ရပ်ကွက်တွင် နေအိမ်တချို့ ရေများဝင်ရောက်ခဲ့ကြောင်း၊ ယနေ့ထိတိုင် ရေများကျဆင်းမှုမရှိသေးကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ -ပန်းမဠူ

ရွှေဘိုမြို့တွင် ကျောင်းဆောင်သစ်လှူဒါန်းပွဲ ကျင်းပ

ရွှေဘို၊ ဩဂုတ် ၈

ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ အခြေခံပညာကို စိတ်ချလုံခြုံစွာဖြင့် လွယ်လင့်တကူ ပညာသင်ကြားနိုင်စေရေး ရည်ရွယ်၍ Naing Group ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်လှူဒါန်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက ရွှေဘိုမြို့၊အမှတ်(၅) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်၊ Naing Group ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဒုဥက္ကဋ္ဌဦးသက်နိုင်ဦး၊ သီရိမွန်လူမှုစီးပွားအထောက်အကူပြု ဖောင်ဒေးရှင်း ဒုဥက္ကဋ္ဌ ဦးကျော်ကျော်ဦးတို့က ကျောင်းဆောင်သစ်အား ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ကမ္ဗည်းမော်ကွန်းကျောက်စာအား ဖွင့်လှစ်ပေးပြီး၊ လူမှုရေးဝန်ကြီးနှင့် ဧည့်သည်တော်များက ကမ္ဗည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ လူမှုရေးဝန်ကြီးက အမှာစကားပြောကြားရာတွင် ပညာသည်သာ အဓိက ဖြစ်ကြောင်း၊ အရည်အချင်းမြင့်မားသည့်လူ့စွမ်းအားအရင်းအမြစ်ဖြစ်ရန်လိုကြောင်း၊ ဆရာ၊ ဆရာမများက အမျိုးသားပညာရေးရည်မှန်းချက်များ အောင်မြင်ရေးနှင့် ကျောင်းနေရွယ်ကလေးတိုင်း ကျောင်းနေရေးတို့ကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အလှူရှင် Naing Gounp ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက် ဒုဥက္ကဋ္ဌ ဦးသက်နိုင်ဦးက “ယခုကျောင်းရှိ ငလျင်ကြောင့် ပျက်စီးသွားသော အဆောက်အအုံအား ဆောက်လုပ်လှူဒါန်းခဲ့ရာမှ ယနေ့ဖွင့်လှစ်သော (၈၀×၃၀×၁၂ပေ)သွပ်မိုးအုတ်ညှပ်အမျိုးအစား၊ ငွေကျပ် သိန်း ၄၀၀ တန်ဖိုးရှိ အဆောက်အအုံကိုဆက်လက်လှူဒါန်းဖြစ်ခဲ့ကြောင်းပြောကြားပြီး၊ သီရိမွန် လူမှုစီးပွားအထောက်အကူပြု ဖောင်ဒေးရှင်းဒုဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက Naing Gounp ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် ပူးပေါင်း၍ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် တတ်နိုင်သလောက် လှူဒါန်းပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ခရိုင်ပညာရေးမှူးဒေါ်ဌေးဌေးမြင့်က လက်ခံရယူပြီး၊ ဒုဥက္ကဋ္ဌ ဦးသက်နိုင်ဦးက အထိမ်းအမှတ် အလံများအား လက်ရောက်ပေးအပ်ကာ အလှူငွေနှင့် ကျောင်းသုံးစာရေးကိရိယာများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စိုးသီဟ(IPRD)

ရေတာရှည်မြို့နယ်တွင် မိုးပွင့်စီမံချက် အဆင့်(၆)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ရေတာရှည်၊ ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်တွင် မိုးပွင့်စီမံချက် အဆင့်(၆)ဖြင့် ကွင်းဆင်းဆောင်ရွက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက ဒေါင့်အင်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် အခမ်းအနားဖြင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန၊ တောင်ငူခရိုင်ဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမြင့်က နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရခြင်းနှင့် တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

မိုးပွင့်စီမံချက် အဆင့်(၆)ဖြင့် ကွင်းဆင်းဆောင်ရွက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် ရေတာရှည်မြို့နယ်ဦးစီးဌာနမှူး၊ ဦးစီးအရာရှိ ဦးအေးမင်းထွန်းက နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူများ လိုက်နာရမည့်အချက်များ၊ လူကုန်ကူးမှုဆိုင်ရာများနှင့် ပတ်သက်၍ အခြေခံသိသင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ရေတာရှည်မြို့နယ်၊ ဒေါင့်အင်းကုန်းကျေးရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၃၄ ခုကို အခမ်းအနားဖြင့်ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု အဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

ကောလင်းတွင် ခြင်ဆေးဖျန်းခြင်းများဆောင်ရွက်

ကောလင်း၊ ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ၊ကောလင်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ရပ်ကွက်များရှိစာသင်ကျောင်းငါးကျောင်းနှင့် စည်ပင်သာယာမြို့မဈေးကြီးအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ခဲ့သည်။

ဩဂုတ် ၅ ရက်တွင် ပြင်ဦးလွင်ရပ်ကွက်၊ ကျော်ဇေယျာရပ်ကွက်နှင့် ဈေးရုံ ဗိုလ်တဲရပ်ကွက်များအတွင်း လူနေအိမ်များနှင့် ဘော်ဒါဆောင်များ၌ ခြင်အန္တရာယ်ကာကွယ်ရေးနှင့် ခြင်များပေါက်ဖွားမှု ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်စိုး(Iprd)**

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များ ဈေးကောင်းပေးဝယ်သည်။
ဖုန်း - ၀၉၅၀၆၂၁၅၈၊ ၀၉၄၂၀၁၀၀၉၇၅

ယတြာဆရာမ
ဖုန်း-၀၉-၅၀၇၅၈၂

ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား
ခင်နန္ဒာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ တတ်စွမ်းသမျှ
ကုသိုလ်ယူနိုင်ပါသည်- (နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)

			မိဂဒါဝုန်	ကုသိနာရုံ
၁။ မြေ(၁)တောရှည်ပေ (ကျပ်)			၁၅,၀၀၀	၁၀,၀၀၀
	ဂယာ	သာဝတ္ထိ	မိဂဒါဝုန်	ကုသိနာရုံ
၂။ ကျောင်းဆောင်(၁)တောရှည်ပေ (ကျပ်)	၂၂,၀၀၀	၂၀,၀၀၀	၂၀,၀၀၀	၂၀,၀၀၀

ရုံးချုပ် - ကွန်မို(E)၊ မြေညီထပ်၊ ကမ္ဘာအေးစေတီလာဗင်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၅၅၂၀၊ ၆၅၅၀၈၅၊ ၀၉-၅၆၀၀၀၂၃
ရုံးခွဲ(၁) - ရန်ကုန်။ ☎ ၀၁-၃၇၇၆၁၅၊ ၀၉-၇၃၂၂၇၅၃၅၊ ၀၉-၂၄၅၀၇၀၃
ရုံးခွဲ(၂) - Gandamar Wholesale၊ မြေညီထပ်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၇၇၇၄၊ ၀၉-၅၆၀၀၄၄၄

ဗောဓိထူး

Yes!! English School
Always say Yes!! to English.
4 skill English classes
★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS, TOEFL, SAT
Starting On August 3, 6, 10, 11, 13, 16, 17, 18, 23.
Ph : 01-511778 09-73033648

ဒဂုံမြို့သစ် အရှေ့ပိုင်းနှင့် ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။
ဖုန်း-၄၃၀၉၀၁၂

Air Con

ကျောက်ဆည်မြို့ ရွှေသာလျောင်းစေတီတော်ပေါ်သို့ ဓာတ်လှေကားဖြင့် တတ်ရောက်နိုင်ရန်စီစဉ်လျက်ရှိ

ကျောက်ဆည်၊ ဩဂုတ် ၈

ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ထိပ်ပေါ်တွင်တည်ရှိသည့် ရွှေသာလျောင်း စေတီတော်မြတ်ကြီးအား သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးချို့တဲ့သူများ လွယ်ကူစွာ တက်ရောက်ဖူးမြော် ပူဇော်နိုင်ရန်အတွက် သေလာဂီရိ ရန်အောင်မြင် စေတီတော်မုခ်ဦးအနီးမှ တောင်ထိပ်ရင်ပြင်တော်သို့ ဓာတ်လှေကားကြီး ဆောက်လုပ်လှူဒါန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

ရွှေသာလျောင်းစေတီတော်မြတ်ကြီးတွင် ဓာတ်လှေကားတည်ဆောက်ရန်အတွက် ပင်မဓာတ်လှေကားတည်ဆောက်ရန် ကုန်ကျငွေ ကျပ်သိန်း ၂၀၀၀ အား ဦးဝင်းမောင်၊ ဒေါ်မြရင် (မြဘုရင်နို့ချက်စက်ရုံ)တို့က မတည်လှူဒါန်းထားကြောင်း၊ လျှောက်လမ်းတည်ဆောက်ရန်အတွက် ကျပ်သိန်း ၁၁၀၀ ကုန်ကျမည်ဖြစ်ပြီး ဦးရဲစိုး (ဘိုမြင့်သူကုမ္ပဏီ)က ကျပ်သိန်း ၆၀၀ နှင့် ဦးခင်အောင်မြင့် (အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ) ဇနီးဒေါ်ခင်ပြုံးတို့က အလှူငွေ ကျပ် ၂၅ သိန်းတို့အား လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၅ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသောင်း၊ ဇနီးဒေါ်မေကြည်စိန်မိသားစုတို့က ကျပ်သိန်း ၁၁၀၊ ကေသီဦးကုမ္ပဏီ ဦးမျိုးသန့်၊ ဒေါ်အေးအေးကြိုင်မိသားစုတို့က ငွေကျပ်၅၅သိန်းတို့ကို လှူဒါန်းကြကြောင်း သိရသည်။

ကျောက်ဆည်မြို့ရှိ ရှင်ပင်ရွှေသာလျောင်းတောင်သည် မြို့၏အရှေ့ဘက်တွင် တည်ရှိနေပြီး သာသနာထွန်းကား ပြန့်ပွားစည်ပင်ရာတောင်တော်တစ်ခုဖြစ်ကာ တောင်ထိပ်တွင် အနော်ရထာမင်း ကောင်းမှုဖြစ်သည့် သမိုင်းဝင်ရှင်ပင်ရွှေသာလျောင်းစေတီတော်တည်ရှိပြီး နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တိုင်းတွင် မြို့နယ်လုံးကျွတ် ဆင်လှူပွဲတော် ကျင်းပ ပြုလုပ်ကြကြောင်းသိရသည်။

ရှင်ပင်ရွှေသာလျောင်းဘုရားသို့ တက်ရောက် ဖူးမြော်မည်ဆိုပါက သေလာဂီရိရန်အောင်မြင် စေတီတော်အနီး၊ ရင်ပြင်တော်အထိ ကားများ၊ ဆိုင်ကယ်များနှင့်တက်ရောက်နိုင်ပြီး အဆိုပါ ရင်ပြင်မှ တစ်ဆင့် တောင်ထိပ်ပေါ်ရှိ ရှင်ပင်ရွှေသာလျောင်း စေတီရင်ပြင်သို့ အတက်လှေကားအတိုင်း ခြေကျင် တက်ရောက်ဖူးမြော်ကြရပြီး ဓာတ်လှေကားကြီးတပ်ဆင်တည်ဆောက်ပြီးစီးပါက သေလာဂီရိရန်အောင်မြင် စေတီရင်ပြင်မှ လွယ်ကူစွာတက်ရောက် ဖူးမြော် နိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

ရွှေသာလျောင်းစေတီတော် ဓာတ်လှေကားကြီးသည်အမြင့် ၁၀၀ ပေ၊ လျှောက်လမ်းအရှည် ၂၀၀ ပေရှိမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဇွန် ၁၇ ရက်မှစတင် တည်ဆောက်လျက်ရှိရာ တစ်နှစ်ခန့်တည်ဆောက်ရမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

လျှောက်လမ်း တည်ဆောက်ရန်အတွက် လိုအပ်လျက်ရှိနေသည့် ကုန်ကျစရိတ်ငွေများအား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်လေး(ဖုန်း-၀၆၆-၅၀၁၅၂)၊ဒုတိယဥက္ကဋ္ဌ ဦးအောင်ရွှေ (ဖုန်း-၀၆၆၅၀၀၅၈)၊အတွင်းရေးမှူး ဦးကျော်ထူး(ဖုန်း-၀၉၅၁၂၄၂၄၁) တို့ထံသို့ဆက်သွယ်လှူဒါန်းနိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

နန္ဒာမင်းလွင်

ဂိမ်းအလွန်အကျွံဆော့သောလူငယ်များကိုကြပ်မတ်ထိန်းသိမ်းသင့်

မကွေး၊ ဩဂုတ် ၈

မကွေးမြို့တွင် လူငယ်လူရွယ်အများစုသည် ဂိမ်းဆော့ကစားခြင်းကို စွဲလန်းပြီး အလွန်အကျွံဆော့ကစားခြင်းများရှိခြင်းကြောင့် လူမှုဘဝတိုးတက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ထိခိုက်မည်ကို အုပ်ထိန်းသူမိဘများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ယင်းကလေးများ၏ အနာဂတ်အတွက် ပညာရေးထိခိုက်လာမည်ကို မိဘများက စိုးရိမ်လာပြီး အဆိုပါဂိမ်းဆော့ခြင်းကို ရပ်တန့်သွားစေရန်အတွက်လည်း နည်းလမ်းများ စဉ်းစားနေကြပြီဖြစ်ကြောင်း ကျောင်းသားမိဘအများစုကပြောသည်။

ဆက်သွယ်ရေးနှင့် နည်းပညာရပ်များဖွံ့ဖြိုးလာသော ယနေ့ခေတ်တွင် ဆိုက်ဘာဂိမ်းများ၊ နက်ဝက်ခ်ဂိမ်းများ၊ မိုဘိုင်းလ်ဖုန်းဂိမ်းများနှင့် တက်ပလက် ဂိမ်းများက ပီတူး၊ ပီဝမ်းဂိမ်းများကို ကျော်လွှားသွားပြီးနောက် ဂိမ်းစွဲလန်းသူဦးရေ တစ်စတစ်စ များပြားလာပြီး ဆော့ကစားသူအများစုမှာ အသက် ၂၀ အောက် လူငယ်အများစုဖြစ်ကြောင်း ဂိမ်းဝါသနာရှင်တစ်ဦးက ပြောပြသည်။

"ပီဝမ်း၊ ပီတူးဂိမ်းတွေ သိပ်မဆော့ကြတော့ဘူး။ မိုဘိုင်းလ်ဖုန်းတွေ လူငယ်တိုင်းကိုင်နိုင်လာကြတော့ ဆော့ချင်တဲ့ဂိမ်းကို ဝမ်းမိုဘိုင်းတို့ ပလေးစတိုးတို့ကနေ ဒေါင်းလော့လုပ်ပြီး ဆော့ကြတယ်။ နက်ဝက်ခ်ဂိမ်းတွေလည်း အင်တာနက်ဆိုင်တွေမှာ သွားဆော့ကြတယ်။ အင်တာနက်ကို တခြား ကိစ္စတွေသုံးတာထက် ဂိမ်းကစားဖို့ ပိုပြီးသုံးတာများလာတယ်။ အခုလို ကျောင်းဖွင့်ရက်တွေမှာတောင် ကျောင်းကနေ လစ်ထွက်ပြီး တစ်နေကုန် အင်တာနက်ဂိမ်းဆိုင်ကနေ မပြန်တဲ့ ကလေးတွေရှိတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

နိုင်ငံတကာနည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ဂိမ်းပရိုဂရမ်များကလည်း အပြိုင်အဆိုင်စွဲဆောင်မှုရှိလာပြီး ဆော့ကစားသူများကို ပို၍စွဲလမ်းစေကြောင်းသိရသည်။

ဂိမ်းအလွန်အကျွံဆော့ကစားခြင်းကြောင့် မျက်စိအားနည်းခြင်း၊ ခေါင်းကိုက်ဝေဒနာ ခံစားရခြင်း၊ လက်ချောင်းများနှင့် လက်ဆစ်များသွေးပုံမှန်စီးဆင်းမှုမရှိဘဲ အရိုးအဆစ်အရွတ်ဆိုင်ရာ ဝေဒနာများခံစားရခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်၍ခက်ထန်လာခြင်း၊ အနိုင်ယူလိုစိတ်များလာခြင်းများအပြင် အခြားစိတ်ဒဏ်ရာများနှင့်ဒုစရိုက်လက္ခဏာ များပေါ်ပေါက်နိုင်ကြောင်းဒေသခံဆရာဝန် တစ်ဦးက ပြောပြသည်။

"ဂိမ်းကို ရံဖန်ရံခါဆော့ကစားတာဟာ စိတ်အပန်းပြေမှုကိုဖြစ်ပေါ်စေပြီး ဉာဏ်ရည်ထက်မြက်စေပေမယ့် အလွန်အကျွံဆော့ကစားရင်တော့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတွက် အလွန်အန္တရာယ်များပါတယ်။ မိဘတွေအနေနဲ့ မိမိတို့ကလေးတွေရဲ့ ဂိမ်းဆော့ကစားမှုကို စောင့်ကြည့်လေ့လာပြီး ကြပ်မတ်ထိန်းကျောင်းသင့်တယ်။ ဂိမ်းကစားချိန်ကို စည်းကမ်းနဲ့ သတ်မှတ်ပြီး အခြားကိုယ်လက်လှုပ်ရှားမှု အားကစားနဲ့ စာဖတ်ခြင်းတွေမှာ စိတ်ပါဝင်စားလာအောင် စည်းရုံးဆောင်ရွက်သင့်တယ်။ ပြည်ပနိုင်ငံတစ်ခုမှာ ဂိမ်းကစားရင်း မအိပ်မစားနဲ့ နေလို့ သေဆုံးသွားတဲ့ကလေးတွေတောင်ရှိတာတွေ ကြားဖူးတယ်" ဟု အထွေထွေရောဂါကုဆရာဝန် တစ်ဦးက ပြောပြသည်။

ဖူးပွင့်နေခြည်(မကွေး)

GAP စံပြစိုက်ခင်းတွင် ကောက်စိုက်သရုပ်ပြပွဲ မြိတ်မြို့နယ်၊ အင်္ဂမော်ကျေးရွာအုပ်စု၌ကျင်းပ

မြိတ်၊ ဩဂုတ် ၈

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ အင်္ဂမော်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၀၅)၊ ဦးပိုင်အမှတ်(၁၀)ရှိတောင်သူ ဦးကြွယ်၏ ပုလဲသွယ် ၁၀ ဧက GAP စံပြကွက်တွင် ခရိုင်နှင့် မြို့နယ်ကွင်းဆင်းအဖွဲ့များမှ ဩဂုတ် ၇ ရက် နံနက် ၉ နာရီက ကွင်းဆင်း၍ လက်သပ်ပျိုးနှုတ်နည်းဖြင့် ကောက်ပင်မနာအောင် ပေါင်ပျိုးနှုတ်ရခြင်းကိုရှင်းပြီး ကောက်စိုက်သူမများနှင့် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

မြိတ်မြို့နယ်တွင် မြို့ဝင်ဧက ၁၀၀ ဧက၊ စံပြကွက်နှင့် မြို့ထွက်ဧက ၁၀၀ စံပြကွက်များကို မဇောနှင့် အင်္ဂမော်တွင် အကျိုးဆောင်တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်နေပြီး ၎င်းစံပြကွက်များ၌ အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်း၍ ပုလဲသွယ်ဧက ၂၀ GAP စံပြကွက်စိုက်ပျိုးလျက်ရှိရာ ၎င်းအင်္ဂမော် ရွာမှ ဦးကြွယ်၏ စံပြကွက်လည်းအပါအဝင်ဖြစ်ပြီး ၎င်းစိုက်ပျိုးသရုပ်ပြပွဲသို့ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များ အင်္ဂမော်၊ မဇော၊ တောင်းရှည်၊ မင်းသန်းကျေးရွာများမှ စိတ်ဝင်စားသူ တောင်သူများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပိုစတာများစိုက်ထူ

ရေဦး၊ ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၌ ပြည်သူများ လျှစ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သူမြင့်၊ ခွဲစက်ရုံမှူး ဦးမင်းအောင်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၄ ရက် နံနက်ပိုင်းက လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး မြေစိုက်ပိုစတာများကို လမ်းဆုံလမ်းခွဖြစ်သော မြို့လယ်နာရီစင်၊ ရဲစခန်းလမ်းဆုံ၊ မုံရွာ-ရေဦး ကားလမ်း မြို့အဝင်လမ်းဆုံနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး လမ်းဆုံနေရာများတွင် စိုက်ထူခဲ့ကြောင်းသိရသည်။

သန်းထိုက်(ရေဦး)

GUSTO
Institute of Information Technology
UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာဘွဲ့ကို ပြည်တွင်း၌ ရယူလိုသူများအတွက်
HND Diploma in Computing (UK)

- ယခင်က UK သို့သွားရောက်သင်ယူနေရသော QCF Level 5 အဆင့်ရှိ Higher National Diploma ဘွဲ့ကို ရန်ကုန်မြို့ရှိ GUSTO - ကွန်ပျူတာ နည်းပညာအင်စတီကျု တွင်တက်ရောက်နိုင်ပါပြီ။
- စာသင်ကာလအတွင်း အဆင့်မြင့် ကွန်ပျူတာနည်းပညာများကို UK သင်ရိုးညွှန်းတမ်း အတိုင်း Student-Centered ပုံစံဖြင့် သင်ယူရမည်ဖြစ်သည်။
- တက်ရောက်အောင်မြင်ပါက Pearson (UK) မှချီးမြှင့်မည့် Higher National Diploma in Computing ဘွဲ့ကိုရရှိမည်ဖြစ်သည်။
- HND ဘွဲ့ရရှိပြီးပါက နိုင်ငံတကာ တက္ကသိုလ်ကြီးများ၌ ဖြစ်စေ၊ ပြည်တွင်းရှိ GUSTO အင်စတီကျု၌ ဖြစ်စေ TOP-Up Degree တက်ရောက်၍ B.Sc.(Hons) in Computing ဘွဲ့ကိုရယူနိုင်ပါသည်။

➤ *စိတ်ပါဝင်စားသူများသည် မိမိတက်ရောက်သင့်သည့် Level ကို GUSTO ရှိ Course Consultant များနှင့် တိုင်ပင်ဆွေးနွေးပြီးတက်ရောက်နိုင်ပါသည်။*

B.Sc. (Hons) in Computing (UK)
HND Diploma in Computing (UK)
HND Foundation
National Diploma in Computing (UK)
2nd Year and above
Grade 11/ IGCSE (ဆယ်တန်းအောင်)
Grade 10 (ကိုးတန်းအောင်)

Enroll Now! No.289 (A), Pyay Road , Sanchaung Township, Yangon.
Call us : 09-86 288 06 | 09- 4500 561 04

ကျန်းမာရေးဆောင်းပါး

သွားကိုက်ခြင်းအတွက် အိမ်တွင်းကုထုံးလေးများ

à ayjufyjuf

Dental pulp (ခေါ်) သွားအတွင်းပိုင်းဆုံးနေရာရှိ ပျော့ပျောင်းတဲ့ တစ်ရှူးလေး နာကျင်ကိုက်ခဲခြင်းကို 'သွားကိုက်တယ်' လို့ခေါ်ပါတယ်။ ထိုတစ်ရှူးလေးက သွေးကြောများသာမက အခြားအာရုံခံ အင်္ဂါအဖွဲ့အစည်းများနဲ့ ဆက်စပ်နေတာကြောင့် သွားကိုက်တဲ့အခါ မခံမရပ်နိုင်အောင် နာကျင်လို့အရည်၊ အဖတ်၊ အပူ အအေး ဘာမှ စားမဝင်တော့ဘဲ အချို့သူများတွင် မျက်နှာတစ်ခြမ်းလုံး ရောင်ကိုင်းရုံသာမက အအိပ်ပျက်၊ အစားပျက်၊ အလုပ်ပျက် ကြရပါတယ်။

သွားဘာကြောင့်ကိုက်ရတယ်

(၁) သွားပိုးစားခြင်း၊ (၂) ပိုးစား၍သွားအပေါက်ဖြစ်ခြင်း၊ (၃) ယခင် သွားအပေါက်ဖာစဉ်က မသေသပ်၍ အစာဟောင်းများကျန်ခဲ့ခြင်း၊ (၄) မတော်တဆထိခိုက်ရိုက်မိခြင်း၊ (၅) သွားနဲ့ခြင်း၊ သွားကျိုးခြင်း၊ (၆) သွားဖုံးနာခြင်း၊ (၇) ပြည်တည်နာ ဖြစ်ခြင်း၊ (၈) နှာခေါင်းပေါက်နဲ့ ဆက်သွယ်ထားသော ဦးခေါင်းခွံအတွင်း လေလမ်းကြောင်း ပိုးဝင်၍ ရောင်ကိုင်းခြင်း၊ (၉) သွားဖုံးမှာအနာဖြစ်ခြင်း၊ သွားဖုံးပြည်တည်ခြင်း၊ (၁၀) ဦးခေါင်းခွံနဲ့ မေးရိုးကြားရှိ အရိုးအဆက်မှာ ထိခိုက်ဒဏ်ရာရခြင်း၊ (၁၁) ကလေးငယ်များသွားစပေါက်ခြင်း၊ လူကြီးများအံဆုံးပေါက်ခြင်း စသည်တို့ကြောင့်သွားကိုက်လေ့ရှိပါတယ်။

သွားဆရာဝန်နဲ့ကုသမှုခံယူသင့်သောအချိန်

(၁) အပေါ်စား နာကျင်ကိုက်ခဲမှုအတွက် အကိုက်ခဲပျောက်ဆေးများဖြစ်သော Paracetamol, ibuprofen တို့သောက်ခြင်းဖြင့် သက်သာစေပါတယ်။ Aspirin ဆေးဝါးများက ဘေးထွက်ဆိုးကျိုးတွေဖြစ်စေလို့ ရှောင်ရှားရပါမယ်။

(၂) တစ်ရက်(သို့မဟုတ်)နှစ်ရက်ထက်ပို၍ကိုက်ခဲပါလျှင်၊ သွားဆရာဝန်နဲ့ ကုသမှုခံယူသင့်ပါပြီ။

(၃) အထက်ဖော်ပြပါ ရောဂါအခြေအနေ အမျိုးအစားပေါ်မူ တည်ပြီး သွားဓာတ်မှန်ရိုက်ခြင်း၊ သွားအပေါက်ဖာခြင်း၊ သွားအကြောသတ်ပေးခြင်း၊ အမြစ်ဂလိုက်ပေါက်ပိုးဝင်ခြင်းအတွက် ပိုးသတ်ပေးခြင်းတို့ ပြုလုပ်ပေးပါလိမ့်မယ်။

(၄) အကယ်၍ မည်သို့မျှ ဆေးဖြင့် ထိန်းမထားနိုင်တဲ့အခါမှာတော့ ဆရာဝန်က သွားနှုတ်ပေးပါလိမ့်မယ်။

ကြိုတင်ကာကွယ်သင့် ကုသခြင်းက ကာကွယ်မှုထက်ပိုမိုထိရောက်ပါတယ်။

(၁) Fluoride ပါသော သွားတိုက်ဆေးသုံး၍ တစ်နေ့နှစ်ကြိမ် သွားတိုက်ပါ။ သွားတိုက်ရင်း လျှာကို ခပ်ဖွဖွတိုက်ပေးဖို့မမေ့ပါနဲ့ ။

(၂) သွားတိုက်တံသုံးတိုင်း သွားကြားထဲရှိအစာဟောင်းများ ကုန်စင်သွားပြီလို့ မယူဆသင့်ပါဘူး။ သွားတိုက်ပြီးနောက် Dental floss (ခေါ်) သွားပွတ်ကြိုးကိုသုံးပါ။ လိုအပ်ပါက Mouthwash (ခေါ်)ခံတွင်း သန့်စင်ရည်သုံးပါ။

(၃) အချိုဓာတ်ကဲသောအစားအစာများ၊ အချိုရည်များ လျှော့သောက်ပါ။

(၄) ဆေးလိပ်မသောက်ပါနဲ့။

(၅) ကလေးများကို သွားဆရာဝန်ဖြင့် ခြောက်လမှာတစ်ကြိမ် သွား စစ်ဆေးမှုခံယူသင့်ပြီး၊ လူကြီးများက တစ်နှစ်မှာတစ်ကြိမ် စစ်ဆေးမှုခံယူပါ။

အိမ်တွင်းကုထုံးလေးများ

(၁) ရေနွေးဖြူ တစ်ဖန်ခွက်ထဲမှာ ဆား စားပွဲတင်ဇွန်း တစ်ဇွန်း မောက်မောက်ရောကာ ငုံနိုင်သမျှ ကြာကြာ ငုံထားပြီး အာလုပ် (ပလုပ်)ကျင်းပါ။

(၂) ရေခဲအိတ်ဖြင့် ကိုက်နေတဲ့ သွားရဲ့ ပါးပြင်ပေါ် ကိုကပ်ပေးပါ။

(၃) ကြက်သွန်နီထဲရှိ သဘာဝ Antimicrobial အစွမ်းက သွားနာကျင်ကိုက်ခဲမှုကို သက်သာစေလို့ ကြက်သွန်နီ လတ်လတ်ဆတ်ဆတ်ကို အကွင်း လိုက်ခတ်ထူထူလှီးပြီး ကိုက်နေတဲ့သွားပေါ်ဖိ၍ ငုံထားပါ။

(၄) အရက်ထဲမှာပါတဲ့ အယ်လ်ကိုဟောလ်က သွားကိုက်ခြင်းကို သက်သာစေလို့ အရက်ငုံပေးပါ။ သို့မဟုတ် အယ်လ်ကိုဟောလ်များများပါသော ခံတွင်းသန့်စင်ရေငုံပါ။

(၅) ချင်းကို အခွံနွှာ ခပ်ပါးပါး လှီးပြီး ဝါးစားပေးပါ။

(၆) ကြက်သွန်ဖြူထဲမှာပါရှိတဲ့ Allicin ဓာတ်က ပိုးသတ်ဆေးသဖွယ် အစွမ်းထက်လို့ ကြက်သွန်ဖြူကိုကြိတ်ထောင်း၍ ကိုက်နေတဲ့သွား၏ ပါးဆောင်မှာငုံထားပါ။

(၇) အာလူး လတ်လတ်ဆတ်ဆတ်ကို အခွံနွှာခပ်ပါးပါးလှီးပြီးငုံထားပါ။ (သို့မဟုတ်)အာလူးကို ကြိတ်ချေ၍ ကိုက်နေတဲ့သွားနဲ့သွားဖုံးတို့ကို အုပ်လိမ်းပေးပါ။

(၈) သံပုရာသီးကို အစိတ်ကလေး စိတ်ပြီး ကိုက်နေသောသွားမှာ ပွတ်ပေးပါ။ (သို့မဟုတ်) သွားတစ်ချောင်းလုံးကို သံပုရာရည်လူးပေးပါ။

(၉) သွားကိုက်ခြင်း၊ သွားဖုံးရောင်ခြင်းအတွက် သခွားသီးကို ခပ်ပါးပါး လှီး၍ကိုက်ထားပါ။ သွားကိုက်၍ ပါးရောင်ကိုင်းခြင်း အတွက်လည်း သခွားသီးပါးပါးလှီး၍ ပါးပေါ်တင် ကပ်ပေးနိုင် ပါတယ်။ (ရေခဲသေတ္တာထဲထည့်ထားတဲ့ သခွားသီးအေးအေးက ရောင်ကိုင်းနာကျင်မှုအတွက် ပိုမိုထိရောက်စေပါတယ်)

(၁၀) သွားအခေါင်းပေါက်ထဲကို အမည်းရောင်ငရုပ်ကောင်းမှုန့် သိပ်ပါ။ဆားရေထည့်၍သုံးနိုင်ပါတယ်။

(၁၁) ရေနွေး တစ်ဖန်ခွက်ထဲမှာ မုန့်လုပ် ဆော်ဒါ စားပွဲတင်ဇွန်း တစ်ဇွန်းမောက်မောက်ရော၍ သမအောင်မွှေပြီးနောက် ခပ်ကြာကြာငုံ အာလုပ်(ပလုပ်ကျင်း)ပါ။

(၁၂) လက်ဖက်ခြောက်ထဲမှာ ပါရှိတဲ့ Tannins ဓာတ်များက ပိုးသေတဲ့ အစွမ်းရှိလို့ ရေနွေးကြမ်း လက်ဖက်ရည်ပူပူကို ဖန်ရည်အဖြစ်ငုံပေးပါ။

(၁၃) ပူစီနံရွက်ဝါးစားပါ။ ပူစီနံရွက်အဆီ၊ ယပန်းဆီ၊ လိမ္မော်ခွံဆီ၊ ထင်းရှူးဆီတို့ကို ဝါဂွမ်း မှာစိမ်ပြီးနောက် သွား၊ သွားကြားနဲ့သွားဖုံးများကို လိမ်းပေးပါ။ (သို့မဟုတ်)ရေနွေးပူပူထဲမှာ ထိုအဆီထဲ့၍ငုံပေးပါ။

(၁၄) ငရုတ်သီးမှုန့်ကို ရေဖြင့် ပျစ်ပျစ်ဖျော်၍ သွားပေါ် အုံထားပေးပါ။

(၁၅) လေးညှင်းပွင့်ထဲမှာ anti-oxidant, anti-inflammatory, anti-bacteria အစွမ်းများ ပါရှိလို့ ရှေးနှစ်ပေါင်းများစွာကတည်းက လေးညှင်းပွင့်ကို သွားနှင့် ခံတွင်းရောဂါအမျိုးမျိုးတို့အတွက် အိမ်တွင်းသမားတော်အဖြစ် သုံးစွဲလာခဲ့ကြပါတယ်။ လေးညှင်းပွင့်ကို ကိုက်ဝါးခြင်း၊ ငုံခြင်း၊ လေးညှင်းပွင့်ဆီကို ရေနွေးဖြင့်ရော၍ အာလုပ်(ပလုပ်) ကျင်းပေးပါ။

(၁၆) ငှက်ပျောရွက်ဝါးပေးပါ။

(မှီငြမ်း:Homade Tooth Ache Relief)

ထီးချိုင့်မြို့နယ်အတွင်းရှိ ဆရာ၊ ဆရာမများအား အလုပ်သမားမှတ်ပုံတင်ကတ်များ ထုတ်ပေး

ထီးချိုင့်၊ ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အတည်ပြုချက်အရ ထီးချိုင့်မြို့နယ်အတွင်းရှိ မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာအထူးသင်တန်း တက်ရောက်အောင်မြင်ပြီးသည့် နေ့စားလပေး ဆရာ၊ဆရာမများအား အမြဲတမ်းဝန်ထမ်း ခန့်အပ်လွှာပေးအပ်ခြင်း နှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြား ထုတ်ပေးခြင်းတို့ကို ဩဂုတ် ၅ ရက်တွင် မြို့နယ်ပညာရေးမှူးရုံး၌ ဆောင်ရွက်ပေးလျက်ရှိရာ ဆရာ၊ ဆရာမ ၁၄၁ ဦး၊ အခြေခံဝန်ထမ်း ၁၅ ဦး စုစုပေါင်း ၁၅၆ ဦး လာရောက်ထုတ်ယူကြကြောင်း သိရသည်။

စောကလျာ(ထီးချိုင့်)

အသိပေးကြေညာချက်

M V CRONUS LEADER V-43

ORIGINAL BILL OF LADING

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့အိုင်တမ်းအေးဂျင်စီ

အသိပေးကြေညာချက်

M.V GOLDEN FAN V.18

ORIGINAL BILL OF LADING

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့အိုင်တမ်းအေးဂျင်စီ

မွေးနေ့ဆုတောင်း

ချစ်မေမေဒေါ်ခင်မေလှဲ (ရန်ကင်း TTC လေ့ကျင့်ရေးကျောင်း)၏ ၉. ၈. ၂၀၁၄ ရက်နေ့ ကျင်ကျရောက်သော ၆၀ ပြည့်နှစ်မွေးနေ့မှသည် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ အသက်ထက် ဆုံးနေနိုင်သွားပါစေ။ ချစ်မေမေနှင့် ချစ်သမီးများ

KK - ပုံပုံ - April

ရောင်းမည်

US$ 1800 လာစဉ် ဝင်ငွေရ

- STAR CITY CONDO
- ဝိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
- RIVERSIDE.
- (1185) SQFT
- 1 MB, 2 BED ROOM.

FULLY FUNISHED
09-5118945

ရောင်းရန်ရှိသည်

Sqft 1525' MB-1 B-2 AC-4, Shower Room Furnitures, Power Meter-1, Single Meter-1, Basement Car Parking,

Ocean East Point Shopping Centre

Ph:01-397990-1, 09-5408585, 09-73042223

Pearl Condo (For Rent)

1450 Sqft
1MBR, 2BR, 3A/C Corner Room, High Floor, 2 Balcony, Facing KaBaAye Pagoda Road
Ph-09254264451

ကား

(Alphard/Hiace
Saloon/

Ph:09-5418126



ဖတ်စရာ

အစားအစာ ဝါးစားပါ

à lunf/Cif(nk)

အစာမကြေရောဂါသည် ကမ္ဘာပေါ်တွင် အဖြစ်အများဆုံးသော ရောဂါ စာရင်းဝင် ရောဂါတစ်မျိုး ဖြစ်သည်။ အစာမကြေရောဂါသည် အစာအိမ်ရောင်ရောဂါ၊ အူရောင်ရောဂါနှင့် နာတာရှည်ရောဂါ အမျိုးမျိုး နောက်ဆက်တွဲ ဝင်ရောက်လာတတ်သည်။ ရောဂါမှန်သမျှသည် အစာမကြေခြင်းကစသည်။ "ရောဂါမူလံ အဇိဏ္ဏကံ"ဟု ရှေးဟောင်း အာယုဗ္ဗေဒဆေးကျမ်းများက ဆိုသည်။

ဝမ်းချုပ်သည်ဟု ညည်းညူနေသူ အတော်များများသည် အစာမကြေရောဂါရှိသူများဖြစ်သည်။ ထိုသူများသည် အစာမကြေရောဂါကို ဦးစွာကုရမည့်အစား ဝမ်းနုတ်ဆေး အမျိုးမျိုးကိုအားကိုးပြီး ဝယ်ယူသောက်သုံးနေကြသည်ကိုတွေ့ရပေသည်။ မြန်မာဆေးအမျိုးမျိုးတို့တွင် ရောင်းအားအကောင်းဆုံးဆေးမှာ ဝမ်းနှုတ်ဆေးပင်ဖြစ်သည်။ ဝမ်းနှုတ်ဆေးကိုပင် သွေးတိုးကျဆေး၊ အဆီကျဆေး၊ ပိန်ဆေး၊ ရုပ်လှဆေး၊ အကြောပြေဆေး၊ အကြောတက်ပျောက်ဆေး စသည်ဖြင့် နာမည်အမျိုးမျိုးတပ်၍ ရောင်းချနေသည်ကို ဝမ်းချုပ်သူများက ဝယ်ယူသောက်သုံးလျက်ရှိကြသည်။ ဝမ်းနှုတ်ဆေးစားခြင်း၏ ရေရှည်တွင် ဖြစ်လာမည့် ဆိုးကျိုးကို မသိကြ၍ သောက်သုံးနေကြခြင်း ဖြစ်သည်။ အူမကြီးအတွင်းမှ သက်စောင့် အချွဲမြေးများသည် ဝမ်းနှုတ်ဆေးဒဏ်ကြောင့် တဖြည်းဖြည်းပါးလာပြီး အူမကြီးနှင့်ပတ်သက်သော ရောဂါ အမျိုးမျိုးခံစားရနိုင်သည်ကို အထူးပင်သတိပြုကြစေချင်သည်။

ဝမ်းချုပ်သူများ ကနဦးသတိပြုသင့်သောအချက်မှာ ငါ အစာကြေရဲ့လားဟု သတိပြုရန်ဖြစ်သည်။ အစာမကြေဟုသိလျှင် အစာမကြေခြင်းဖြစ်စေနိုင်သော အောက်ပါအချက်များကို တစ်ဖန်ထပ်မံ၍ သတိပြုစစ်ဆေးစေချင်သည်။

(၁) မိမိသွားများ ကောင်းပါ၏လား။

(၂) သွားကောင်းလျှင်လည်း အစာစားသောအခါ အစာတစ်လုပ်လျှင် ၁၀ ကြိမ်မျှ ဝါးစားပြီးမှသာ မျိုချသင့်သည်ကို သိပါ၏လား။

(၃) အစာကို အချိန်မှန်မှန်စားသုံးပါသလား။

(၄) အစာကို ပူပူနွေးနွေးစားသလား၊ အေးစက်သောအစာများကို နေ့စဉ်စားသုံးနေပါသလား။

(၅) ထမင်းစားရန် သီးသန့်အခန်းရှိပါသလား သို့မဟုတ် မိမိအလုပ်စားပွဲတွင်ပင် စားလေ့ရှိပါသလား။

(၆) ထမင်းစားနေစဉ်နှင့် ထမင်းစားပြီးနောက် ရေခဲရေ(သို့မဟုတ်) အအေး၊ အချိုရည်ဘူးများ သောက်သုံးလေ့ရှိပါသလား။

(၇) အစာစားပြီးလျှင် ခေတ္တမျှ လမ်းထလျှောက်သည့်အကျင့် ရှိပါ၏လား။

(၈) ညနေစာ သို့မဟုတ် ညစာ မစားသုံးမီ လမ်းလျှောက်ခြင်းသို့မဟုတ် လေ့ကျင့်ခန်း တစ်ခုခုပြုလုပ်ခြင်း အလေ့အထရှိပါ၏လော။

(၉) ညအိပ်ရာဝင်ချိန်နှင့် နံနက်စောစောအိပ်ရာထချိန်တွင် ရေတစ်ဖန်ခွက်သောက်သည့် အကျင့်ရှိပါ၏လော။

အထက်ပါ အချက်များတွင် အစာမကြေ၊ ဝမ်းချုပ်ခြင်းအတွက် အမေးများအပြင် သေချာစဉ်းစားကြည့်လျှင် အဖြေလည်းပါပြီးဖြစ်ပါသည်။

အစာစားသောအခါ ဆာမှစားခြင်းသည် အကောင်းဆုံးဖြစ်သည်။ မဆာပဲမစားသုံးရ။ ထမင်းစား ပျက်အောင် ထမင်းစားချိန်နီးမှ လက်ဖက်ရည်သောက်ခြင်း၊ အချိုရည်သောက်သုံးခြင်း၊ မုန့်ပဲသွားရည်စာ စားသုံးခြင်းတို့ကို မပြုလုပ်သင့်ပေ။ အထူးသဖြင့် ထမင်းစားချိန်နီးသည့် တစ်နာရီ အချိန်အတွင်းတွင် မုန့်များမစားသင့်ပါ။ ထမင်းစား ပျက်သွားစေနိုင်သည်။ ကြားချိန်တွင် စားသုံးထားသဖြင့် မဆာဘဲ ထမင်းစားလျှင် များများမစားနိုင်တော့သည့်အပြင် အစာမကြေလည်းဖြစ်တတ်ပေသည်။ အစာကို စားချင်သည့် စိတ်ဖြစ်မှ ဝမ်းမီးတောက်သည်။ ဝမ်းမီးတောက်မှ အစာကြေနိုင်မည်ဟု မှတ်ယူသတိပြုရမည်။

> ထမင်းစားချိန်နီးသည့် တစ်နာရီ အချိန်အတွင်း. . . .

အချို့သူများသည် တီဗွီဇာတ်လမ်းကြည့်ရင်း အစာစားကြသည်။ ဇာတ်လမ်းထဲတွင် စိတ်ရောက်နေသဖြင့် စားသည့်အစာတွင် စိတ်မရောက်ဖြစ်နေတတ်သည်။ အစာ၏ အရသာကိုခံပြီး ကြေညက်အောင် ဝါးမစားလျှင်လည်း အစာမကြေဖြစ်တတ်သည်ကို သတိပြုဖို့လိုသည်။

ထို့ထက်ပို၍ဆိုးသည်မှာအစာစားပြီးနောက် ခေတ္တမျှထ၍ လမ်းလျှောက်ခြင်းမပြုဘဲ တီဗွီဇာတ်လမ်းပြီးဆုံးသည်အထိကြည့်ကာ ဆိုဖာဆက်တီပေါ်တွင် အိပ်ပျော်တတ်သူများမှာအဆိုးဆုံးဖြစ်သည်။ အစာမကြေသည့်အပြင် ကြာလျှင် အူမကြီးရောင်သည့်ရောဂါပါရနိုင်သည်။

ရေသောက်ရာတွင် သတိပြုရန်မှာ ဥတုဘောဇနကျမ်းအလိုအရ အစာမစားမီ ရေသောက်လျှင် အစားပျက်မည်။ အစာကြေစေရန်အတွက် အစာစားခြင်း၏အလယ်တွင် ရေသောက်သင့်သည်။ အစာမနင်စေရန် သင့်တော်ရုံသာသောက်ရမည်။ အစာစားပြီးချင်း ရေမသောက်ရ။ ဝမ်းမီးငြိမ်း၍ အစာမကြေဖြစ်တတ်သည်။ အစာစားပြီး ခေတ္တခဏကြာမှသာ ရေကိုသောက်သင့်သည်။ ရေကျက်အေးသောက်ခြင်းသည် အစာကို ပို၍ကြေစေနိုင်သည်။ ရေနွေးကြမ်းလည်း သောက်နိုင်သည်။ အလွန်အေးသော ရေခဲရေကိုမူ မသောက်သင့်ပေ။

တိုးတက်နေသော ခေတ်ကြီးတွင် ခေတ်နှင့်အမီလိုက်ကြရာမှ အလုပ်လောဘကြောင့် သွားလည်း မြန်မြန်၊ စားလည်း မြန်မြန်ပြုလုပ်ကြရာမှ အစာမကြေရောဂါရလာနိုင်သည်။ သွားများသည် အစာကိုကြိတ်ဝါးရန် သဘာဝကပေးသော အစာချေစက်ဖြစ်ပါသည်။ အစာတစ်လုပ်လျှင် ၁၀ ကြိမ်ဝါးစားမှသာ အစာကြေစေနိုင်ကြောင်း အသိပေးရေးသားလိုက်ရပေသည်။

ခရီးသည်တင်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်

ရွှေဘို၊ ဩဂုတ် ၈

ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် စစ်ဆေးရမည့်အချက်များ သတ်မှတ်၍ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ပူးပေါင်းအဖွဲ့တို့သည်ဩဂုတ် ၅ ရက် ညနေ ၄ နာရီခွဲက ရွှေဘိုစုပေါင်းကားဝင်းအတွင်း၌ ယာဉ်များကို ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်နှင့်ပတ်သက်၍ ယာဉ်သက်သေခံလက်မှတ် သက်တမ်းရှိ-မရှိ၊ ကိုယ်ထည်တာယာနှင့် ယာဉ်အစိတ်အပိုင်းများအန္တရာယ် ကင်းရှင်းစွာမောင်းနှင်နိုင်ခြင်းရှိ-မရှိ၊အရေးပေါ်ထွက်ပေါက်အသုံးပြုနိုင်မှု၊ အရေးပေါ်အခြေအနေအသုံးပြုနိုင်ရန် မီးသတ်ဆေးဘူး၊တူ၊ပေါက်ဆိန်၊ယာဉ်တွင်တပ်ဆင်ရမည့်ရောင်ပြန်နှင့်ရပ်နားရာတွင်အသုံးပြုမည့် တြိဂံရောင်ပြန်များ တပ်ဆင်ထားမှု ရှိ-မရှိတို့ကို စစ်ဆေးခဲ့သည်။

ယခုကဲ့သို့ မကြာမကြာစစ်ဆေးရခြင်းသည် ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်လုံခြုံရေးကို ဦးတည်ပြီး ကြိုတင်ကာကွယ်ခြင်းဖြစ်ကြောင်း၊ ယင်းကြောင့် ယာဉ်မထွက်မီ စနစ်တကျကြိုတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားပြီးဖြစ်ပေါ်လာသည့် ပြဿနာအရပ်ရပ်အား သက်ဆိုင်ရာယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့်ယာဉ်လိုင်းတာဝန်ခံများက တာဝန်ယူရမည်ဖြစ်ကြောင်း မကြာခဏဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ခရိုင်ပို့ဆောင်ရေးစီမံကိန်း ဦးစီးမှူးက ပြောသည်။ **စိုးသီဟ**(Iprd)

ရှမ်းပြည်နယ်(တောင်ပိုင်း) အလုပ်ရုံဆွေးနွေးပွဲ ပင်လုံတက္ကသိုလ်တွင် ကျင်းပ

ပင်လုံ၊ ဩဂုတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံတက္ကသိုလ်(ဘက်စုံခန်းမ)တွင် ဩဂုတ် ၆ ရက် မွန်းတည့် ၁၂ နာရီက နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန် မြှင့်တင်မှု (Third Wave) အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က အဖွင့်အမှာစကားနှင့် တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုအတွက် ဆွေးနွေးပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်/ကျေးကော်မတီအဖွဲ့ဝင်များ၊ NGO အဖွဲ့အစည်းများ၊ ပင်လုံတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။ **ဝင်းမင်းသန်း**(IPRD)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကြေညာချက်(၆/၂၀၁၄)

ရောင်းမည်

သမိုင်းတစ်ကွေမှ
အကျော်ဇေယျ မြန်မာအမျိုးသမီးများ
သန်းဝင်းလှိုင်

အတွေးအမြင်ဆောင်းပါး

လူတော်လူကောင်း

à atmifumf(qifqrf)

